


# တရားသည်သာ ကိုးကွယ်ရာ

(၂၈၉)

ဟောကြားသည့်နေ့

၂-၁၂-၆၁

ကျေးဇူးတော်ရှင်မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၇) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

0348
THITSARARAMI LIBRARY
Date

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# တရားသည်သာ ကိုးကွယ်ရာ

ဟောကြားသည့်နေ့
(၂-၁၂-၆၁)

စာမူခွင့်ပြုချက်အမှတ် - ၂၁/၉၇ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၇/၉၇ (၅)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

## အဂ္ဂမဟာပဏ္ဍိတ
## မိုးကုတ်ဆရာတော်ဘုရားကြီးအပေါ်
## ကျေးဇူးရှင်မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး၏
## သဘောထားမှတ်ချက်

၁။ ကောဇာသက္ကရာဇ် ၁၃၃၇ ခု၊ တပေါင်းလပြည့်ကျော် (၁)ရက်နေ့ (၁၉၆၇ ခု၊ မတ်လ)ညတွင် ရန်ကုန်မြို့သာသနာ့ ရိပ်သာ ဖန်ယဉ်ဓမ္မာရုံကြီး၌ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင်ချုပ်ကျေးဇူးရှင် တိပိဋကဓရဓမ္မဘဏ္ဍာ ဂါရိက မင်းကွန်းဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ ဟောကြားတော်မူခဲ့သော တရားတော်မှ ဖြစ်ပါသည်။

မန္တလေးမှာ ဘုန်းကြီးများနဲ့ ရင်းနှီးတဲ့ ဒကာတစ်ယောက် နဲ့ စကားပြောကြတဲ့အခါကျတော့ - ဆရာတော်တဲ့၊ တပည့် တော် တရားပွဲစုံစုံရောက်ဖူးတယ်တဲ့၊ ပြောစမ်းပါဗျာ ဘယ် တရားပွဲတွေလဲ?။

ဟာ . . . ဆရာကြီး ဦးလှသိန်းတရားပွဲကိုလည်း ရောက်တယ်၊ ဘာတွေတွေ့သတုံးဗျာ . . . ? ဟာ . . . ပရိသတ်ကတော့၊ ပြ(၄)ပြလောက် ပရိသတ်ကိုတွေ့တယ်၊ ပြီးတော့ကောဗျာ . . . ?

(၁)

ပြီးတော့ ဝိဇ္ဇောဓရဆရာတော်တို့ အနီးစခန်း ဆရာတော်တို့ တရားပွဲတွေ တပည့်တော်ရောက်တယ်၊ အဲ့ဒီကျ တော့ မဏ္ဍပ်တစ်လုံးပဲ၊ မဏ္ဍပ်လျှံရုံပဲရှိတယ်။ ပြီးတော့ ကောဗျာ . . . ?

အဲဒီတုန်းကတော့၊ မိုးကုတ်ဆရာတော်က မန္တလေးမှာ စခါစရှိသေးတယ်၊ မိုးကုတ်ဆရာတော်ရဲ့ တရားပွဲကို အောင်တော်မူမှာတပည့်တော်သွားပြီး တရားနာတယ်ဘုရားတဲ့၊ (၁၅)ယောက်၊ အယောက်(၂၀)လောက်ပဲရှိတယ်။

ပြီးတော့ကော ကိုခင်မောင်လို့ ဆိုတော့၊ တပည့်တော် အဲ့ဒီလောက်ပဲ ရောက်ဖူးတယ်တဲ့၊ ပြီးပြီလား . . . ?၊ ပြီးပါပြီ ဘုရားတဲ့။

အေး. . . ကောင်းပြီ၊ ဆရာကြီးဦးလှသိန်းက တရားဟော လိုက်တယ်ဆိုရင် ပရိသတ်ရဲ့ အကဲကိုတယ်ပြီးသိတာကိုး၊ ဒီပရိသတ်ခြောက်သွေ့နေတယ်ဆိုရင်၊ ဒီကနေပြီးတော့ မေ့သံဝေဂ လေးချိုးကြီးများ ရွတ်ပြီးတော့ ပေးလိုက်တဲ့အခါ ကျတော့၊ ဟို . . . ရုပ်ရှင်သွားမယ့်လူတွေရော၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲသွားမယ့်လူတွေရော၊ သူတို့နားထောင်ချင်တာ၊ ဒီမှာ ရှိတယ်ထင်ပြီးတော့၊ အဲ့ဒီ (၄)ပြပေါက်လောက်ရှိလာတာပဲဗျ။

တရားပွဲပြီးတဲ့အခါကျတော့၊ ရုပ်ရှင်သွားမယ့်လူတွေက လည်း၊ နောက်ရုပ်ရှင်သွားမြဲသွားတယ်၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲ ကိုလည်း သွားမြဲသွားတယ်။

တရားနာရကောင်းစေလို့၊ သိလာတဲ့လူ၊ မဏ္ဍပ်တစ်လုံး စာကတော့ ဝိဇ္ဇောစာရ ဆရာတော်တို့၊ အနီးစခမ်း ဆရာတော်တို့ ၊ ဘုန်းကြီးတို့တရားပွဲတွေမှာ နာတာပေါ့။

အဲဒီတရားပွဲမှာလည်း၊ ဘုန်းကြီးတွေက အလှူဆိုအလှူပွဲနဲ့တန်အောင် ဥပုသ်ဆို ဥပုသ်တရားနဲ့တန်အောင် သင့်လျော်အောင် တရားတွေ ရွေးပေးပြီးတော့ အမျိုးမျိုးဟောရတယ်။

တရားနာတဲ့ပရိသတ်က၊ ဟာ . . . တို့တော့တရားအားထုတ်မှဖြစ်မယ် ဒီတော့တရားသက်သက်ကို အားထုတ်ချင်တယ်ဆိုတော့၊ ထိုထိုကမ္မဋ္ဌာန်းဌာနတွေ၊ ရိပ်သာတွေမှာသွားပြီး တရားအားထုတ်ကြလို့၊ မဏ္ဍပ်ကြီး တစ်လုံးထဲက ဆန်ခါတင်လူတစ်ရာလောက်ပေါ့ဗျာ၊ အဲ့ဒီလိုရိပ်သာသွားကြတယ်။

တစ်ခါရိပ်သာကျပြန်တော့လည်းပဲ၊ ကျင့်စဉ်အတိုင်း ကျင့်လို့ ပြီးပြီဆိုတော့၊ ဈေးရောင်းတဲ့ပုဂ္ဂိုလ်ကလည်း ဈေးပြန်ပြီး ရောင်း၊ ပုတီးလေးနဲ့ပေါ့။

သို့သော် တချို့ကတော့၊ ဈေးကိုမရောင်းချင်တော့ဘူး၊ တစ်ခါတည်းဆက်ပြီးတော့ တရားနဲ့ပဲ၊ နှလုံးသွင်းချင်တဲ့ ပုဂ္ဂိုလ်က ဘယ်သွားပြန်သတုံးဆိုတော့ ဆရာတော်ဦးဝိမလဆီသွားတာပေါ့၊ အဲဒီလို (၁၅)ဦး၊ ဦး(၂၀)ဖြစ်တာပေါ့။

သို့သော် ကိုခင်မောင်ကို ဘုန်းကြီးပြောချင်တယ်ဆိုတော့ . . . ဘယ်လိုတုံးဘုရားတဲ့။

အေး . . . စာပေ ပရိယတ္တိနဲ့ နေကြတဲ့ မိုးကုတ်ဆရာတော်ဦးဝိမလတို့ နှလုံးသွင်းပုံဟာ၊ အဲဒီပရိသတ်ကို ဟောတဲ့ တရားအထက်နားမှာ၊ တစ်ထွာလောက်၌ ရှိတယ်လို့ မှတ်ပြီး ထားစေချင်တယ်။

ဆရာတော်ဘာပြောတာလည်းဘုရား . . ?၊ ဟ . . စာပေနဲ့နေတဲ့ပုဂ္ဂိုလ်များက တရားနှလုံးသွင်းတယ်ဆိုတာ ဟာ အခုပြောသလိုပဲ ကမ္မဋ္ဌာန်းစီးဖြန်းတော့ . . . စက္ခုံအနိစ္စံ ဒုက္ခံ အနတ္တံ၊ နေတံမမ၊ နေသောဟမသ္မိ၊ နမေသောအတ္တာ၊ သောတံကာယံ ဇိဝှာကာယော မနောအနိစ္စော ဒုက္ခော၊ အနတ္တာ နေတံမမ နေသောဟမသ္မိ၊ နမေသောအတ္တာ၊ (မိုးကုတ်ဆရာတော် ဦးဝိမလက) ပါဠိကိုသိသကိုးဗျ . . . ။

ဒီလိုသိတော့ သူက ပါဠိက ရွတ်လို့လည်းပဲ၊ သဘာဝ ဝိယုတ္တိဆိုတာ အရသာတစ်မျိုးရှိတယ်၊ ဓမ္မပီတိလည်းဖြစ်တယ်၊ ဒီဓမ္မရသအတ္တရသ ပါဠိကပိုပြီး အရသာပေါ်တယ်။

အဲဒါကြောင့် စာချတဲ့ဆရာတော်တွေ နှလုံးသွင်းတာက ဆရာတော်ဦးဝိမလက လူတွေကို နှလုံးသွင်းခိုင်းတာရဲ့ အထက်နားတစ်ထွာလောက်မှာ ရှိတယ်၊ မိုးကုတ်ဆရာတော်က။

⊛ ⊛ ⊛ ⊛ ⊛

၂။ ကောဇာသက္ကရာဇ် ၁၃၃၉ ခု၊ နယုန်လပြည့်ကျော် (၁၃)ရက် (၁၃-၆-၁၉၇၇) တနင်္လာနေ့ ည(၇)နာရီတွင် ကြို့ပင်ကောက်မြို့၊ မဟာလောကသိရီဘုရားကြီး သံတန်ဆောင်းအတွင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်၊ ကျေးဇူးရှင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဟောကြားတော်မူခဲ့သော တရားတော်မှ ဖြစ်ပါတယ်။

တရားနာပရိသတ်က အကြိုက်(၅)မျိုးရှိကြတယ်၊ ဘယ်သူတွေလည်းဆိုတော့။

၁။ သဒ္ဒပသန္နဆိုတာ အသံကောင်းတာကိုမှကြည်ညိုတာ၊ အသံနေအသံထားကြည်ညိုတဲ့ ပရိသတ်ပေါ့။ နိဗ္ဗာန်မဂ်ဖိုလ်တော့၊ မရနိုင်ပါဘူး။

၂။ ရူပ ပသန္နဆိုတာ ရုပ်ရေအဆင်းကိုကြည်ညိုတာ၊ ဓမ္မကထိက ကိုယ်တော်ရဲ့ ရုပ်ဆင်းအင်္ဂါ၊ ဥပဓိရှိတာကိုကြည်ညိုတဲ့ပရိသတ်၊ သူလည်းမဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ပါဘူး။

၃။ ဂုဏပသန္နဆိုတာ ဂုဏ်ရှိတဲ့ ဓမ္မကထိကကိုမှကြည်ညိုတာ၊ ဘုန်းကြီးကိုပဲ ဆိုကြပါစို့၊ ဒီဘုန်းကြီးက တိပိဋကဓရတဲ့၊ အင်မတန်ဂုဏ်ရှိတယ်ဆိုပြီး ကြည်ညိုတဲ့ပရိသတ်၊ ဒီပရိသတ်မျိုးလည်း မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ပါဘူး။

၄။ လူခ ပသန္နဆိုတာ ခြိုးခြံချွတ်ခြံ အကျင့်ရှိသူကိုမှ ရွေးပြီး ကြည်ညိုတာ၊ ဒီပရိသတ်မျိုးလည်း မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ဘူး။

၅။ ဓမ္မပသန္ဒဆိုတာ တရားဓမ္မသက်သက်ကို ကြည်ညိုတာ။ အဲ့ဒါမျိုးကျတော့ အသံကိုလည်း ပဓာနမထား၊ ရုပ်အဆင်းကိုလည်းမကြည့်၊ ဂုဏ်ကိုလည်းမငဲ့၊ ခေါင်းခေါင်းပါးပါးအကျင့်ကိုလည်း ဂရုမစိုက် ဓမ္မသက်သက်ကိုသာ ကြည်ညိုတဲ့ပရိသတ်မျိုး၊

အဲ့ဒီပရိသတ်မျိုးသာလျှင် ဒီဘဝမှာ တရားထူးရနိုင်တယ်တဲ့။

အဲဒီ ဓမ္မပသန္နပရိသတ်ဆိုတာကတော့ ဦးရေနည်းပါးလှပါတယ်။ အခုခေတ်ဥပမာပြရမယ်ဆိုရင် မိုးကုတ်တရားနာပရိသတ်တို့ကိုပဲပြရမှာပဲ။

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ၊ အဲဒီဆရာတော်ကြီး ဟောပြတဲ့ ဓမ္မတို့ကတော့၊ အလွန်အင်မတန်မှ ပီသလှပါပေတယ်၊ တစ်ထိုင်တည်းနဲ့ နိဗ္ဗာန်အရောက် ဦးတည် ပို့ပေးနိုင်တဲ့တရားတော်များလည်းဖြစ်ပါတယ်။

အဲဒီတရားတော်များကို ကြည်ညိုတဲ့ ပရိသတ်မျိုးမှပဲ ဓမ္မပသန္နပရိသတ်မျိုးလို့ ချီးကျူးကြရမှာပဲ။

ပြီးတော့ မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ ဟောတဲ့တရားတော်များကလည်း။ ဘုန်းကြီးတို့ရဲ့ ခေါင်းပေါ်နှစ်တောင်လောက်ကျော်ပြီးသွားတဲ့တရားများ။

ဘာကြောင့်လဲဆိုတော့ ဘုန်းကြီးတို့ အခုပိဋကတ်သုံးပုံကို ဆောင်နိုင်နေတယ်၊ သိနေတယ်ဆိုတာက ဘယ်စာမျက်နှာမှာ ဘယ်အကြောင်းအရာတွေပါတယ်ဆိုတာ မှတ်ထားတာ သညာနဲ့ မှတ်တာပေါ့။

မိုးကုတ်ဆရာတော်ကြီးကတော့ ခန္ဓာကိုယ်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာကို ပညာဉာဏ်နဲ့ ထိုးဖောက်ပြီး သိတာ၊ ပညာသိ၊ သိတာ။

၃။ ၁၉၈၂ ခုနှစ်ခန့်က မြစ်ဝကျွန်းပေါ်ဟသ်ာတမြို့၌ ကျွန်တော်တာဝန်ကျစဉ် ဆန်စက်ပိုင်ရှင်တစ်ဦးသည် မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီး ကြွရောက်လာသောအခါ ဆရာတော်အား မေးခွန်းတစ်ပုဒ်မေးမြန်းလျှောက်ထားခဲ့ ပါသည်။

**အမေး** "အရှင်ဘုရား မိုးကုတ်ဆရာတော်ကြီး မြန်မာလို ဟောကြားထားသော တရားတော်များသည် မြတ်စွာဘုရား ဟောကြားသော တရားတော်စစ်စစ်ဟုတ်ပါရဲ့လားဘုရား"ဟု လျှောက်ထားပါသည်။

**အဖြေ** မင်းကွန်းဆရာတော်ဘုရားက ဖြေကြားတော်မူ သည်မှာ "ဒကာကြီး မိုးကုတ်ဆရာတော်ဦးဝိမလဟောကြား ထားသော တရားတော်များထဲမှ ဒကာကြီး သံသယရှိတဲ့၊ မမှန်ကန်ဘူးလို့ ထင်တဲ့တရားတော်ကို ရွတ်ပြပါတဲ့ . . . ?။ ဘုန်းကြီးက ဘုရားဟောတရားတော် ပါဠိတော်၊ စစ်စစ်ဖြစ် ကြောင်း ကျမ်းဂန်အကိုးအကားထုတ်ပြပါ့မယ်" ဟု ဖြေကြား တော်မူခဲ့ပါသည်။

## ၄။ မိုးကုတ်ဆရာတော်ဘုရား၏ ဆုံးမစကား

မိုးကုတ်မြို့တွင် မိုးကုတ်ဆရာတော်ဘုရားသီတင်းသုံးနေစဉ်၊ မန္တလေးမြို့ ရဟန်းပျိုအဖွဲ့မှ သံဃာတော်တချို့ မိုးကုတ်မြို့သို့ ကြွလာကြပြီး ကန့်ကွက်ဆန္ဒပြကြပါသည်။ ထိုအခါ မိုးကုတ်မြို့သူမြို့သားများက မခံမရပ်နိုင်ဖြစ်နေကြသဖြင့် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ဥက္ကဋ္ဌကြီးဦးမြင့်နာယက၊ ကျောင်းအစ်မကြီးဒေါ်သန်းသန်းတို့က ဆရာတော်ထံလျှောက်ထားရာ၊ ဆရာတော်ဘုရားက ဒီကိစ္စမင်းတို့လုပ်တာလား၊ သူတို့လုပ်တာလားလို့ မေးရာ၊ သူတို့လုပ်တာပါဘုရားဟု ဖြေကြားပါသည်။

ထိုအခါဆရာတော်ဘုရားက မင်းတို့ဟာ သူများရဲ့ ကုသိုလ်ကိုတော့ ကိုယ့်ကုသိုလ်ဖြစ်အောင် မယူတတ်ဘူး၊ သူများရဲ့ အကုသိုလ်ကို ကိုယ့်အကုသိုလ်ဖြစ်အောင်တော့ ယူတတ်တယ်၊ မင်းတို့ဟာ မင်းတို့နေတတ်အောင်နေပါ၊ မင်းတို့နဲ့မဆိုင်ဘူး၊ ကိုယ့်အကုသိုလ်မဖြစ်စေနဲ့ဟု ဆုံးမစကား မိန့်ကြားတော်မူခဲ့ပါသည်။

သူတော်ကောင်းရတနာ (၇)ပါးပြည့်ဝကြပါစေ . . .

၁၂-၁၂-၂၀၀၄ ဆရာဦးစောလှိုင်

အတွင်းရေးမှူး

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# တရားသည်သာကိုးကွယ်ရာ

ဟောကြားသည့်နေ့ (၂-၁၂-၆၁)

ဒကာ ဒကာမတို့ သန္တာန်မှာပေါ်နေတဲ့ တရားနာတဲ့စိတ်၊ သီလယူတဲ့စိတ် 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဓမ္မံ သရဏံ ဂစ္ဆာမိ'ဆိုတဲ့ ယူတဲ့စိတ်တွေဟာ ရှိပါတယ်နော်. . . (ရှိပါတယ်)၊ ဒီစိတ်တွေကို သစ္စာဖွဲ့ရလိမ့်မယ်နော်. . . (မှန်ပါ့)။

ဒီစိတ်တွေကို သစ္စာဖွဲ့တော့ ဒကာ ဒကာမတို့သိတဲ့ အတိုင်း၊ ခင်ဗျားတို့ရထားတာက ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿဝေဒနာဆိုတော့ ဒီဒုတိယပိုင်းထဲမှာ လာနေတယ်. . . (နေပါတယ်ဘုရား)။

## မနာယတနဆိုတာစိတ်ပဲ

ဩော်-ဒီထဲမှာ သဠာယတနထဲပါတဲ့ မနာယတနဆိုတာက စိတ်ပဲ. . . (မှန်ပါ့)၊ ဒါဖြင့် ဒုတိယ ၂ နံပါတ်ထဲမှာ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းမှာပါနေတယ်. . . (ပါနေပါတယ်ဘုရား)၊ ပါနေတော့ အခုတရားနာတဲ့စိတ်ဟုတ်လား. . . (မှန်ပါ့ဘုရား)၊ တရားနာတဲ့စိတ်၊ သီလယူတဲ့စိတ်တွေဟာ ဩော်. . . ဒုတိယပိုင်းထဲပါနေပါကလားဆိုတာ သိပေးပါ. . . (မှန်ပါ့)။

ဘာဖြစ်လို့တုံး. . . ဆိုတော့ ခင်ဗျားတို့ရဲ့ အတိတ်ဘဝက အဝိဇ္ဇာသင်္ခါရဆိုတာ မြင်တဲ့အတိုင်း ၁နံပါတ်ကနော် . . . (မှန်ပါ့ဘုရား)။

အဲဒီအဝိဇ္ဇာသင်္ခါရကပြုလုပ်လိုက်တဲ့အတွက် ယခုအခါမှာ ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿဝေဒနာဆိုကော သဠာယတနထဲမှာ ခြောက်ခုမြောက် စိတ်ပါမလာဘူးလား. . . (ပါလာပါတယ်ဘုရား)။

ကောင်းပြီ. . . ဒီစိတ်သည်ကားလို့ဆိုရင်ဖြင့် အဝိဇ္ဇာသင်္ခါရတည်းဟူသော သမုဒယသစ္စာကြောင့် ၁ နံပါတ် သမုဒယသစ္စာကြောင့် ၂ နံပါတ်ဆိုတဲ့အထဲမှာ ယခုဘဝပေါ့ဗျာ. . . (မှန်ပါ့ဘုရား)၊ အခုပေါ်တဲ့စိတ်တွေဟူသရွေ့ သည် ၂ နံပါတ်ထဲမှာ ပေါ်တယ်လို့မှတ်ပါ. . . (မှန်ပါ့ဘုရား)။

## စိတ်တွေဟာဒုက္ခသစ္စာ

အခုပေါ်တဲ့စိတ်တွေဟာ. . . (၂ နံပါတ်ထဲမှာ ပေါ်ပါတယ်ဘုရား)၊ ဒါဖြင့် ၁ နံပါတ် သမုဒယသစ္စာက လုပ်လိုက်လို့ ၂ နံပါတ် ဒုက္ခသစ္စာစိတ်တွေပေါ်တာပဲ. . . (မှန်လှပါဘုရား)။

ဒါဖြင့် ၂ နံပါတ်စိတ်ကို ဘာသစ္စာဆိုကြမယ်. . . (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာဆိုတာ ဒကာ ဒကာမတို့ ဒီအထဲမှာ သဠာယတနဆိုတဲ့ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မန ထဲက မနဆိုတာ စိတ်လို့မှတ်ပါ. . . (မှန်ပါ့)။

ဒါဖြင့် အခုတရားနာတဲ့ စိတ်တွေ၊ သီလယူတဲ့ စိတ်တွေ၊ သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ ပတ်သက်တဲ့ စိတ်တွေ၊ ရောင်းရေးဝယ်ရေးနဲ့ ပတ်သက်တဲ့ စိတ်တွေ ဒါတွေဟာ ၂ နံပါတ်ထဲမှာ ပါလာတယ်. . . (ပါလာပါတယ်ဘုရား)၊ ပါတော့ ဒီစိတ်တွေကို ဒကာ ဒကာမတွေ ကြည့်လိုက်၊ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

## ဘာဖြစ်လို့ဒုက္ခသစ္စာခေါ်ပါလိမ့်

ဩော်. . . ပဋိစ္စသမုပ္ပါယ်ဒေသနာတော်ကြီးက ပြနေတော့ ဒုက္ခသစ္စာပဲဆိုတာ သိပြီနော်. . . (သိပါပြီဘုရား)၊ ဒုက္ခသစ္စာဆိုတာသည်ကား ဘာဖြစ်လို့ ဒုက္ခသစ္စာခေါ်ပါလိမ့်မလဲ မေးလို့ရှိရင်ဖြင့် စိတ်ကလေးတစ်ခုပေါ်လာတယ်၊ သီလယူတဲ့

စိတ်ကလေးတစ်ခု ပေါ်လာတယ်၊ သီလယူတဲ့စိတ်ကလေးပေါ် လာလည်း ပျက်သွားတယ်. . . (မှန်ပါ့)၊ တော်တော်ကြာ အား ထုတ်ရပြန်ပြီး 'ဗုဒ္ဓံသရဏံဂစ္ဆာမိ' ပေါ်အောင်လုပ်တဲ့ စိတ်ကလေး အားထုတ်ရပြန်ပြီ၊ ပျက်သွားပြန်ပြီ. . . (မှန်ပါ့ဘုရား)၊ တော်တော်ကြာ ဘုန်းကြီးက ချပေးပြန်တော့ ဓမ္မံ သရဏံ ဂစ္ဆာမိ" ဆိုတော့ ဒကာ ဒကာမတွေကလည်း "ဓမ္မံ သရဏံ ဂစ္ဆာမိ"ဆို တော့ ဒကာ ဒကာမတွေကလည်း "ဓမ္မံ သရဏံ ဂစ္ဆာမိ" ပေါ် အောင် စိတ်ကလေး လုပ်ရပြန်တယ်. . . (လုပ်ရပါတယ်ဘုရား)၊ နောက်ပြီးတော့ "သံဃံ သရဏံ ဂစ္ဆာမိ"ပေါ်အောင် စိတ်ကလေး လုပ်ရပြန်တယ်၊ မလုပ်ရဘူးလား. . . (လုပ်ရပါတယ်ဘုရား)။

## ခဏခဏပေါ် ခဏခဏပျောက်

ဒါဖြင့် ဒီစိတ်ကလေးတွေဟာ ခဏခဏပေါ်, ခဏခဏ ပျောက်သောကြောင့် အနိစ္စ၊ ဒုက္ခသစ္စာ. . . (မှန်လှပါ)၊ အနိစ္စပဲ . . . (ဒုက္ခသစ္စာပါ)၊ အနိစ္စလည်း ဟုတ်တာပဲ. . . (ဟုတ်ပါတယ်)၊ ဒုက္ခသစ္စာလည်း. . . (ဟုတ်ပါတယ်ဘုရား)။

ဪ. . . ဒါဖြင့် ဒကာ ဒကာမတွေကို ယခု သီလ ယူနေရတာ ခင်ဗျားတို့ကတော့ ကောင်းတယ်၊ သီလနဲ့ နေရတာ အကောင်းဆုံး၊ သီလဆောက်တည်ပြီးနေရတာ အကောင်းဆုံး၊ ဝိပဿနာ အားထုတ်ပြီး နေရတာ အကောင်းဆုံးလို့ ထင်တော့

ထင်ကြတာပဲ. . . (မှန်ပါ့ဘုရား)။

ကောင်းတော့ကောင်းပါတယ်၊ နောင်ရေးကောင်းတယ် ယခုလုပ်နေတာကတော့ဖြင့် ဒုက္ခသစ္စာပဲ. . . (မှန်လှပါ)၊ ယခု ဖြစ်ပေါ်နေတာက. . . (ဒုက္ခသစ္စာပါဘုရား)။

အဲဒီတော့ ဒကာကြွယ် ဒုက္ခသစ္စာ အထူးရှာစရာလား အခုပေါ်တဲ့စိတ်ကြည့်လိုက်ရင် ဒုက္ခသစ္စာတွေ့တာပဲ မဟုတ်လား . . . (တွေ့ပါတယ်ဘုရား)။

## ဘာပဲပေါ်ပေါ် ဒုက္ခသစ္စာ

ဘာဖြစ်လို့ဝ ုးလို့မေးတဲ့အခါကျတော့ ဒကာ ဒကာမ တွေ ရှင်းပြီးသား လင်းပြီးသားပဲတဲ့၊ ဒီခန္ဓာကိုယ်ထဲမှာ ယခုအချိန် ဘာပဲပေါ်ပေါ် ဒုက္ခသစ္စာတဲ့. . . (မှန်ပါ့ဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီ)၊ ဘာဖြစ်လို့တုံး၊ ၂ နံပါတ်ထဲမှာနေရတာကိုး. . . (မှန်ပါ့ဘုရား)။

အဝိဇ္ဇာပစ္စယာသင်္ခါရာဆိုတဲ့ ၁ နံပါတ်ကအကြောင်း ဆက်လိုက်လို့ ၂ နံပါတ် ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတော့ သဠာယတနထဲပါတဲ့ စိတ်တွေ ဟူသရွေ့ဟာ ဒကာကြွယ် ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

ဪ. . . ဒါဖြင့် ဒုက္ခသစ္စာလို့ အမှန်တကယ် သိဖို့ရာ သာ အရေးကြီးတယ်၊ ဒုက္ခသစ္စာကတော့ ရှိပြီးသားပါကလားလို့

မှတ်ပါ. . . (မှန်လှပါဘုရား)၊ အနိစ္စလည်းရှိပြီးသား၊ ဒုက္ခသစ္စာလည်းရှိပြီးသား. . . (ရှိပြီးသားပါဘုရား)၊ အနိစ္စနဲ့ ဒုက္ခသစ္စာကိုလည်း မောင်ဘသော်တို့က တခြားစီလို့ မှတ်မနေနဲ့. . . (မှန်လှပါ)၊ ဖြစ်ပြီးပျက်တဲ့ခမ္မဟူသရွေ့သည် ဒုက္ခသစ္စာချည်းမှတ်လိုက် . . . (မှန်လှပါဘုရား)၊ ဖြစ်ပြီးပျက်တဲ့ အနိစ္စတရားကို ဘာဆိုကြမယ်. . . (ဒုက္ခသစ္စာပါဘုရား)။

အဲ. . . ဒုက္ခသစ္စာချည်းမှတ်ထားတော့ကိုတဲ့၊ ပဋိစ္စသမုပ္ပါဒ်ကိုကြည့်ပါ၊ ၂ နံပါတ်ထဲမှာ ပေါ်သရွေ့တရား၊ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

## သမုဒယသစ္စာကြောင့်ဖြစ်တဲ့တရား

အဲဒီတော့ ဒကာကြွယ် ရှင်းနေပြီ. . . (ရှင်းပါတယ်ဘုရား)၊ ၂ နံပါတ်ထဲပေါ်သရွေ့တရားဟာ . . . (ဒုက္ခသစ္စာပါဘုရား)၊ ဘာကြောင့် ဒုက္ခသစ္စာတွေလို့ သူ့ကိုဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောရပါလိမ့်မတုံးလို့ မေးတဲ့အခါကျ တော့ သမုဒယသစ္စာကြောင့် ဖြစ်တဲ့တရားတွေ. . . (မှန်ပါ့)။

အဝိဇ္ဇာသင်္ခါရဆိုတာက၊ ဒီကြည့် ဒကာ ဒကာမတို့ အဝိဇ္ဇာ သင်္ခါရကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာပေါ်တယ်. . . (မှန်ပါ့ဘုရား)၊ အဝိဇ္ဇာသင်္ခါရက သမုဒယသစ္စာ ရှင်းပြီလား. . . (ရှင်းပါပြီ)၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတွေက . . . (ဒုက္ခသစ္စာပါဘုရား)။

ဩော်. . . ဒါဖြင့် အခု တို့သန္တာန် ဘာတွေများ ရှိနေပါ လိမ့်မတုံးလို့ တွေးကြည့်ရင် သိပါပြီ. . . (သိပါပြီဘုရား)၊ ဘာတွေရှိသလဲ. . . (ဒုက္ခသစ္စာတွေရှိပါတယ်ဘုရား)၊ ဘာပဲ လုပ်လုပ် ခင်ဗျားတို့ ဒုက္ခသစ္စာမှတစ်ပါး ဘာမှမရှိဘူး. . . (မှန်လှ ပါဘုရား)၊ ဒုက္ခသစ္စာစိတ်ပဲရှိတော့တယ်ဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

အဲဒီတော့ ဝိပဿနာရှုတော့ ဒီ ၂ နံပါတ်ပေါ်တဲ့ စိတ်တွေပဲရှိမှာပဲ. . . (မှန်ပါ့)၊ ခင်ဗျားတို့သန္တာန်ပေါ်တာ ၂ နံပါတ်စိတ်မှတစ်ပါး ၂ နံပါတ်အတွင်းမှာပါတဲ့ စိတ်မှတစ်ပါး တခြားသောစိတ်ရှိရဲ့လား. . . (မရှိပါဘုရား)၊ မရှိတော့ ဒီတရား တွေကဖြစ်ပျက် ဖြစ်ပြီးပျက်တဲ့ဒုက္ခသစ္စာပဲလို့ ဆိုတာကို ဝိပဿနာရှုတော့ကို ဒကာ ဒကာမတွေ ရှာနေဖို့ လိုသေးသလား . . . (မလိုပါဘုရား)၊ ကိုယ့်သန္တာန်ပေါ်တဲ့စိတ်ဟူသရွေ့ ဘာဆို ကြမယ်. . . (ဒုက္ခသစ္စာပါဘုရား)။

## နာကျင်မှုဒုက္ခသစ္စာလို့ထင်နေတယ်

ဩော်. . . ဒကာကြွယ် ဒုက္ခသစ္စာ ရှာရသေးသလား . . . (မရှာရပါဘုရား)၊ ရှေးတုန်းကတော့ ဒကာ ဒကာမတွေက ဒုက္ခသစ္စာဆိုတာ ဘာပါလိမ့်မတုံးဆိုတဲ့ တွေးလုံးတွေ ထုတ်နေတယ်၊ ဩော်. . . နာမှု, ကျင်မှု, ကိုက်မှု, ခဲမှုလို့ ဒါဒုက္ခ

သစ္စာလို့ ထင်နေကြတယ်. . . (မှန်ပါ့ဘုရား)၊ မဟုတ်ပါဘူးတဲ့၊ ခင်ဗျားတို့ သန္တာန်ထဲပေါ်ချင်တာပေါ်တဲ့၊ ရုပ်ပေါ်ပေါ်၊ နာမ်ပေါ်ပေါ် ပေါ်ချင်တာပေါ်ပါ။ ပေါ်တဲ့တရားဟူသရွေ့ဟာ ဖြင့် မောင်ဘသော် ဒုက္ခသစ္စာချည့်ပဲ. . . (မှန်လှပါဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)၊ ဒါဖြင့် ၂ နံပါတ်ထဲပေါ်တဲ့ တရားဟူသရွေ့ ဘာသစ္စာ. . . (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့်. . . ဒကာကြွယ်၊ ခန္ဓာကိုယ်ဉာဏ်လှည့်လိုက်လို့ ရှိရင် ဘာတွေတွေ့မယ်ထင်သလဲ. . . (ဒုက္ခသစ္စာတွေ တွေ့ပါတယ်ဘုရား)၊ နာမည်သာပြောင်းတယ်. . . (မှန်ပါ့)၊ နာမည်ပြောင်းလိုက်တော့ အနိစ္စတွေ့ပါတယ်ဘုရား၊ ဒုက္ခတွေ့ပါတယ်ဘုရား၊ အနတ္တတွေ့ပါတယ်ဘုရား. . . (မှန်လှပါ)၊ ဒုက္ခသစ္စာထဲ အကုန်ဝင်တာပဲ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ ဘာထဲ အကုန်ဝင်ပါလိမ့်. . .(ဒုက္ခသစ္စာထဲ အကုန်ဝင်ပါတယ်ဘုရား)။

အဲဒီတော့ ဒုက္ခသစ္စာထဲဝင်တာတွေကို ဒကာ ဒကာမတွေက ဥပမာ-ဘုန်းကြီးက စိတ္တာနုပဿနာပေးထားတယ်ဆိုပါတော့. . . (မှန်လှပါဘုရား)၊ စိတ္တာနုပဿနာပေးထားတော့ ဒကာကြွယ့်သန္တာန်၊ မောင်ဘသော်တို့သန္တာန်၊ ဦးလှဘူးတို့ သန္တာန်စားချင်တဲ့စိတ်ပေါ်လည်း ဒုက္ခသစ္စာပဲ. . . (မှန်ပါ့)၊ အိပ်ချင်တဲ့စိတ်ပေါ်လည်း. . . (ဒုက္ခသစ္စာပါဘုရား)၊ ဘယ်နှယ်ကြောင့် သူ့ကို ဒုက္ခသစ္စာလို့ ဆိုင်းဘုတ်နာမည်ပေးရပါလိမ့်မလဲ

လို့ မေးလို့ရှိရင် သူဖြစ်ပြီးပျက်တယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဘယ်လိုကြောင့်ပါလိမ့်. . . (ဖြစ်ပြီးပျက်လို့ပါဘုရား)၊ ဖြစ်ပြီးပျက်တဲ့တရားကို "ဝိပရိဏာမလက္ခဏာဒုက္ခသစ္စ" ဒုက္ခသစ္စာ ပျက်စီးခြင်းလက္ခဏာရှိတယ်. . . (မှန်ပါ့)၊ ဖြစ်ပြီးပျက်တဲ့တရားကို . . . (ဝိပရိဏာမလက္ခဏာဒုက္ခသစ္စပါ)၊ ဒါဖြင့် ဖြစ်ပျက်တာ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

## အနိစ္စလည်း ဒုက္ခသစ္စာမှတ်ပါ

ဒါဖြင့် အနိစ္စလည်းဒုက္ခသစ္စာမှတ်လိုက်. . . (မှန်ပါ့)၊ ဒုက္ခလည်း. . . (ဒုက္ခသစ္စာပါဘုရား)၊ အနတ္တဟာလည်း. . . (ဒုက္ခသစ္စာပါပဲ)၊ ဒုက္ခသစ္စာချည်းလို့ ဘုန်းကြီးတို့ ဒကာ ဒကာမ တွေက မှတ်ထားလိုက်တဲ့အခါကျတော့ ဩော်. . . တို့မှာဖြင့် တို့သန္တာန်ပေါ် သရွေ့ ဘယ်စိတ်ပေါ် ပေါ် ဒုက္ခသစ္စာလို့ရှုရုံပဲ. . . (မှန်ပါဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ကိုဖြစ်ပြီး ပျက်တာကလေးတွေ့လိုက် ပြန်တယ်၊ အင်း. . . ဟင် အနိစ္စလို့ ဒကာကြွယ်ဆိုချင်လည်း ဆိုလိုက်၊ အနိစ္စလို့မှတ်ချင်လည်း မှတ်လိုက်တာပေါ့. . . (မှန် လှပါဘုရား)၊ နောက်ဆုံးပိတ်တစ်နေ့ကျတော့ အနိစ္စလည်း ဒုက္ခသစ္စာ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် ဝိပဿနာရှုတဲ့အခါကျတော့ ဒကာ ဒကာမတို့ စိတ်ကိုဝိညာဏ်လို့ခေါ်တယ်နော်. . . (မှန်လှပါဘုရား)၊ စိတ်ကို ဘယ်လိုခေါ်ပါလိမ့်. . . (ဝိညာဏ်လို့ ခေါ်ပါတယ်ဘုရား)၊ ဝိညာဏ်လို့ခေါ်တယ်ဆိုတာ သိပြီနော်. . . (မှန်ပါ့ဘုရား)။

## မြင်စိတ်ကလေး

ဒါဖြင့် မြင်စိတ်ကလေးပေါ်လာတယ်၊ အဆင်းတစ်ခုကို မြင်တဲ့စိတ်ပေါ့ဗျာ. . . (မှန်ပါ)၊ ဒါကလေးကမြင်ပြီး ပျက်တာပဲ . . . (မှန်ပါ့ဘုရား)၊ အဆင်းကပျက်တာကိုမယူလိုက်ပါနဲ့. . . (မှန်ပါ့)၊ မျက်လုံးထဲက မြင်တတ်တဲ့စိတ်ကလေးဟာ မြင်ပြီး ပျက်တာကို ယူပါ. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် အဲဒီစိတ်ကလေးဟာ ဝိညာဏ်လို့ခေါ်တော့ ဝိညာဏ် အနိစ္စံ. . . (မှန်ပါ့ဘုရား)၊ ရှင်းပြီလား. . . (ရှင်းပါပြီ)၊ ဝိညာဏံ. . . (အနိစ္စံပါဘုရား)၊ ဩော်. . . ဒါဖြင့် ဒီညာဏ် ကလေးဟာ ဒကာ ဒကာမတို့သိတဲ့အတိုင်းတဲ့၊ ဒီအထဲမှာ မနာယတနထဲမှာပါတဲ့ဝိညာဏ်သည် အနိစ္စတရားကလေး. . . (မှန်ပါ့)၊ ဒီအနိစ္စတရားကလေး ဘာပါလိမ့်မတုံးလို့ ဒကာကြွယ်က တွေးမနေပါနဲ့၊ ဒီကြည့်လိုက်၊ ဘာသစ္စာလဲ. . . (ဒုက္ခသစ္စာပါ ဘုရား)။

ဒီထဲပါတာပဲ. . . (မှန်ပါ့)၊ ဒီထဲပါတော့ ဩော်. . . ဒုက္ခသစ္စာဟုတ် မဟုတ်ကို သေသေချာချာ ဝေဖန်ရင်တော့ သမုဒယသစ္စာကလုပ်တဲ့တရားဟူသရွေ့ ဒုက္ခသစ္စာဆိုတော့ အဝိဇ္ဇာသင်္ခါရက ဘာသစ္စာတဲ့. . . (သမုဒယသစ္စာပါဘုရား)၊ သူက ဆက်စပ်ပြီးလုပ်လိုက်တဲ့အတွက် ဒီထဲပါတဲ့စိတ်တွေဟာ ဘာသစ္စာလဲ. . . (ဒုက္ခသစ္စာပါဘုရား)၊ ဒုက္ခသစ္စာလာဖြစ်တယ်ဆိုတာသိသွားပြီ. . . (သိသွားပါပြီဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## ဒုက္ခသစ္စာမှတစ်ပါးမရှိ

ဒါဖြင့် ဒီပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးမှာ ဒကာဒကာမတွေသိတဲ့အတိုင်းတဲ့၊ ဒုက္ခသစ္စာမှတစ်ပါး ခင်ဗျားတို့ခန္ဓာထဲ ဘာမှမရှိဘူး. . . (မရှိပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘာဝိပဿနာရှုရမှာတုံးလို့ အခြေအမြစ်နဲ့တကွ သေသေချာချာရှာတဲ့အခါကျတော့ ဩော်. . . သမုဒယကဖြစ်တဲ့တရားဟူသရွေ့၊ ဒုက္ခသစ္စာချည်းလို့မှတ်လိုက်. . . (မှန်လှပါဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီဥစ္စာပေါင်းလိုက်တော့ အဝိဇ္ဇာသင်္ခါရတည်းဟူသော သမုဒယသစ္စာကဖြစ်စေတဲ့တရားကို ဒီဒုတိယဝိညာဏ်

နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့တရားတွေဟာ သမုဒယသစ္စာကြောင့်ဖြစ်သောကြောင့် အကုန်ဒုက္ခသစ္စာပဲ. . . (မှန်လှပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ပုံစံတွေကြည့်ပါ၊ ပုံစံတွေကြည့်ပါ ဒကာ ဒကာမတွေ၊ ယခုပေးထားတဲ့ ပုံစံတွေကြည့်လိုက်တော့ ဘာသစ္စာတွေ့သလဲ. . . (ဒုက္ခသစ္စာတွေ့ပါတယ်ဘုရား)။

သူ့ကို ဘယ်နှယ်ကြောင့် ဒကာ ဒကာမတွေက ဒုက္ခသစ္စာဆိုကြသတုံး. . . (သမုဒယသစ္စာက ဖြစ်စေလို့ပါဘုရား)၊ သမုဒယသစ္စာကဖြစ်စေတယ်. . . (မှန်ပါ့)၊ ရွတ်ကြည့် ခင်ဗျားတို့ရတဲ့ ပါဠိကို အဝိဇ္ဇာပစ္စယာ. . . (သင်္ခါရာပါဘုရား)၊ သင်္ခါရပစ္စယာ. . . (ဝိညာဏံပါဘုရား)။

အဲဒီဝိညာဏ်ခန်းမှာ ကြည့်လိုက်တော့ ဒီမြားတွေပြပြီး အကျိုးတွေပြထားတော့ သူ့အတွင်းပါတာတော့ ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား)။

## ဘာ့ကြောင့် ဒုက္ခသစ္စာပြောသတုံး

သူ့ကို ဒုက္ခသစ္စာလို့ ဘာဖြစ်လို့ ပြောကြရသတုံးဆိုတော့ ဒီသမုဒယသစ္စာကဖြစ်စေလို့ ဒုက္ခသစ္စာဖြစ်ရမယ်. . . (မှန်ပါ့ဘုရား)၊ သမုဒယသစ္စာက အကြောင်း၊ ဒုက္ခသစ္စာက အကျိုး . . . (မှန်လှပါ)။

ဒုက္ခသစ္စာသည်ကားလို့ဆိုရင် အလိုလိုပေါ်တာလားလို့ မောင်ဘသော်တို့ ဒကာကြွယ်တို့ မေးရင် ဘယ့်နှယ်ဆိုပါမလဲ . . . (သမုဒယသစ္စာကြောင့်ဖြစ်တာပါဘုရား)၊ သမုဒယဖြစ်စေတာ သူ့ဟာရှင်းနေပြီ၊ ဒီသမုဒယသစ္စာကြောင့် ဒုက္ခသစ္စာထဲ ရောက်လာတယ်။

အဲဒီတော့ ကျုပ်တို့ရှုတော့ ဒီဥစ္စာ ဒုက္ခသစ္စာထဲ ရောက်လာတယ်သာသိရင် ဉာဏ်ထဲမှာ ဒုက္ခသစ္စာဖြစ်ဖို့ပဲ အရေးကြီးတော့တယ်. . . (မှန်ပါ့ဘုရား)။

## မဂ်ဆိုက်မှာသေချာတယ်

အဲ. . . ဒါကလေးဖြစ်သွားရင် မဂ်ဆိုက်မှာ သေချာတယ်. . . (မှန်လှပါဘုရား)၊ ဒါ ဒီဥစ္စာ စာကဖြင့် ဆိုထားတယ်၊ ခန္ဓာထဲမှာလည်း ဒီအတိုင်းတော့ဖြစ်နေပြီ၊ ခန္ဓာထဲပေါ်သရွေ့ ဟာဖြင့် ပေါ်တဲ့စိတ်တွေဟာ ဒုက္ခသစ္စာပဲဆိုတာတော့ ဒကာကြွယ်တို့ မောင်ဘသော်တို့က ရှုသာနေ. . . (မှန်ပါ့)၊ ရှုနေလည်း သူဖြစ်ပျက်တွေ တွေ့နေမှာပဲ. . . (တွေ့ပါတယ်ဘုရား)၊ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်တွေ မတွေ့ပေဘူးလား. . . (တွေ့ပါတယ်ဘုရား)၊ တွေ့တာကပထမ၊ တွေ့နေတုန်းကတော့ဖြင့် ဩော်. . . ဒါအနိစ္စတွေ့နေတာပဲ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)၊ ပထမတွေ့တာတော့ အနိစ္စ

တွေ့တာပဲ. . . (မှန်ပါ့)၊ နောက်ရှုဖန်များပြီးတော့ အနိစ္စတွေ ဟာ ပြော်. . . မုန်းစရာတွေပါလားဆိုတဲ့ နိဗ္ဗိန္ဒဉာဏ်တက်မယ် . . . (မှန်ပါ့ဘုရား)။

## နိဗ္ဗိန္ဒဉာဏ်တက်သွားတယ်

ဘာကြောင့်တုံးလို့မေးတော့ သမ္မာပဿံလို့ဆိုသော ကြောင့် သမ္မာ=ကောင်းစွာ၊ ပဿံဖြစ်ပျက်ကိုမြင်သည်ရှိသော်၊ နိဗ္ဗိန္ဒတိ=ဖြစ်ပျက်ကိုငြီးငွေ့လာ၏၊ ဖြစ်ပျက်မြင်လို့ရှိရင် နောက်ငြီး ငွေ့လာမှာပဲတဲ့. . . (မှန်ပါ့ဘုရား)၊ ဖြစ်ပျက်မြင်တာက ယထာဘူ တဉာဏ်ပေါ့ဗျာ. . . (မှန်ပါ့)၊ ယထာဘူတဉာဏ်က တက်လာတဲ့ အခါ ငြီးငွေ့တဲ့နိဗ္ဗိန္ဒဉာဏ်တက်သွားတယ်. . . (မှန်ပါ့ဘုရား)၊ ဘုရားက ဒီအတိုင်းဟောတယ်ဆိုတာ သဘောကျပလား . . . (ကျပါပြီ)။

"နိဗ္ဗိန္ဒံဝိရဇ္ဇတိ"တဲ့၊ နိဗ္ဗိန္ဒံ-နိဗ္ဗိန္ဒန္တော-ငြီးငွေ့ပြီးလို့ရှိရင်၊ ဝိရဇ္ဇတိ-မင်္ဂပေါ်လာ၏. . . (မှန်လှပါ)၊ ဒီခန္ဓာကြီးမလိုချင်တဲ့ မင်္ဂပေါ်လာ၏လို့ ဘုရားကဟောတယ်. . . (မှန်ပါဘုရား)၊ ဘယ်နှယ့်ကြောင့် မင်္ဂပေါ်လာသတုံးဆိုတော့ ဒုက္ခကို ပိုင်ပိုင် သိလို့ မင်္ဂပေါ်လာတယ်မှတ်ပါ. . . (မှန်လှပါဘုရား)။

## မင်ဆိုက်တော့မှာသေချာတယ်

ဒါဖြင့် ဖြစ်ပျက်ကို ကြိုးစားရှုလို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီဉစ္စာဟာတဲ့၊ ကြာတော့ ဉာဏ်က ထက်ထက် ထက်ထက်ပြီး အပ်ကိုသွေးပါများလို့ ထက်သလို . . . (မှန်ပါ့ဘုရား)၊ ဓားကိုသွေးပါများလို့ ထက်သလိုတဲ့ ဉာဏ်က ထက်ထက်လာတော့ ဩော်. . . နဂိုက ဖြစ်ပျက်အနိစ္စ မှတ်နေတယ်၊ သေသေချာချာရှုရင်း-ရှုရင်း ဉာဏ်ကြီးလေလေ ဒုက္ခသစ္စာ ဖြစ်လေလေပဲ၊ မြင်လာရင် ဒုက္ခသစ္စာအမှန်ဖြစ်လာလို့ရှိရင် ဒါမင်ဆိုက်တော့မလို့သာ မှတ်ပေတော. . . (မှန်ပါ့ဘုရား)၊ ဒုက္ခသစ္စာအမှန်မြင်လာရင်. . . (မင်ဆိုက်မလို့ပါဘုရား)၊ မင်ဆိုက်တော့မလို့ဆိုတာ သေချာပါတယ်. . . (မှန်ပါ့ဘုရား)၊ ရှင်းပလား. . ; (ရှင်းပါပြီ)။

ဒါကြောင့် ဒကာ ဒကာမတွေ အခုပဋိစ္စသမုပ္ပါဒ်ဒေသနာ စက်ဝိုင်းကြီးပြပြီး ဒကာ ဒကာမတွေ လက်ခံရှိထားပြီး ပြတော့ ဩော်. . . ဒီထဲ ၂ နံပါတ်ထဲပေါ်လာတာတွေ ဘာသစ္စာတွေ ပေါ်သလဲ. . . (ဒုက္ခသစ္စာတွေပေါ်ပါတယ်ဘုရား)၊ သဘောကျ ပလား. . . (ကျပါပြီဘုရား)၊ သူဒုက္ခသစ္စာလို့ ခင်ဗျားတို့ ဘယ်သူက ပြောသတုံးဆိုတော့ ဘယ်သူကမှ မပြောပါဘူး၊ အဝိဇ္ဇာသင်္ခါရကြောင့်ဖြစ်တဲ့တရားမို့. . . (မှန်ပါ့ဘုရား)၊ ဒကာကြွယ် ဘယ့်နှယ်ဆိုပါလိမ့်. . . (အဝိဇ္ဇာသင်္ခါရကြောင့် ဖြစ်တဲ့ တရားမို့ပါဘုရား)။

## သမုဒယသစ္စာဆိုတာ

ကောင်းပြီ အဝိဇ္ဇာသင်္ခါရက ဘာသစ္စာတုံး. . . (သမုဒယသစ္စာပါဘုရား)၊ သမုဒယသစ္စာဆိုတာသည် ဘာကို ဖြစ်စေသတုံး. . . (ဒုက္ခသစ္စာကိုဖြစ်စေပါတယ်ဘုရား)။

ဒါဖြင့် ကိုက်နေတာပဲ အဝိဇ္ဇာပစ္စယာသင်္ခါရာဆိုတာ . . . သမုဒယသစ္စာ၊ သင်္ခါရပစ္စယာ ဝိညာဏ်နာမ်ရုပ် သဠာယ တနဖဿ ဝေဒနာတို့က. . . (ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာပဲဆိုတာ ရှင်းနေတော့ ခင်ဗျားတို့ရှုတဲ့အခါကျ တော့ ဒုက္ခသစ္စာပဲဆိုတာ ရှင်းနေတော့ ခင်ဗျားတို့ရှုတဲ့အခါ ကျတော့ ခင်ဗျားတို့က ဩော်. . . အခု ခန္ဓာကြီး တရားနာနေ တယ်၊ အခုတရားအားထုတ်နေတဲ့ ခန္ဓာကြီးဟာ ၁ ထဲမှာလား ၂ ထဲမှာလား. . . (၂ ထဲမှာပါဘုရား)။

ဒါဖြင့် ရုပ်ကြည့်လည်း ဒုက္ခသစ္စာတွေ့ရ[illegible]ပဲ. . . (မှန်ပါ့)၊ နာမ်တွေကြည့်လည်း. . . (ဒုက္ခသစ္စာ တွေ့ရမှာပါ ဘုရား)၊ ဒါတွေ့လို့ရှိရင်ဖြင့် ထိုတရားလွဲသေးတယ်၊ စောင်းသေး တယ်၊ တိမ်းသေးတယ်လို့ ဘယ်တော့မှမရှိဘူး. . . (မှန်ပါ့)၊ တရားမလွဲတော့ပါဘူး. . . (မလွဲပါဘုရား)၊ လွဲစရာအကြောင်း မြင်သေးရဲ့လား. . . (မမြင်ပါဘုရား)၊ သမုဒယသစ္စာကြောင့် ဖြစ်တဲ့ ခန္ဓာငါးပါး. . . (မှန်ပါ့)၊ ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿဝေဒနာဟာ ခန္ဓာငါးပါးပဲ. . . (မှန်လှပါဘုရား)၊ ဒီခန္ဓာငါး

ပါး-၂ နံပါတ်အချက်ထဲ ဝင်လာကတည်းက ဒကာကြွယ်တို့ မောင်ဘသော်တို့ ဦးလှဘူးတို့က စဉ်းစားတာပေါ့၊ ဘာသစ္စာထဲ သူရောက်သလဲ. . . (ဒုက္ခသစ္စာထဲရောက်နေပါတယ်ဘုရား)။

## ဟုတ်မှဟုတ်ပါ့မလား

ဟုတ်မှ ဟုတ်ပါ့မလားလို့ ယုံမှားသံသယရှိရင် သူ့ဖြစ်ကြောင်းတွေးလိုက်တာပေါ့. . . (မှန်ပါ့)၊ သူဖြစ်ကြောင်းတွေးလိုက်တော့ ဘာပါလိမ့်. . . (သမုဒယသစ္စာပါဘုရား)။

ဒါဖြင့် သမုဒယသစ္စာကဖြစ်စေတဲ့တရားဟူသရွေ့တော့ဖြင့် နိဗ္ဗာန်တော့ မဖြစ်နိုင်တာအမှန်ပဲ. . . (မှန်ပါ့ဘုရား)၊ ဘာသစ္စာဖြစ်သလဲ. . . (ဒုက္ခသစ္စာကိုဖြစ်စေပါတယ်ဘုရား)၊ ဒါဖြင့်ခင်ဗျားတို့ စာရွက်ကိုကြည့်ပါ၊ ဒီထဲပါသရွေ့ ဘာသစ္စာ . . . (ဒုက္ခသစ္စာပါဘုရား)၊ အခု ဒကာ ဒကာမတွေဟာ ၁-နံပါတ်အကွက်မှာ နေကြသလား၊ ၂-နံပါတ်အကွက်ထဲမှာ နေသလား. . . (၂-နံပါတ်အကွက်ထဲမှာ နေပါတယ်ဘုရား)၊ ၂-နံပါတ်အကွက်ထဲမှာ နေတယ်ဆိုတာ သေချာပါပြီး . . (သေချာပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ၂-နံပါတ်အကွက်ထဲမှာနေတော့ ၂-နံပါတ်အကွက်ထဲမှာ ဘာပဲပေါ်ပေါ် ဒကာ ဒကာမတွေ သန္တာန်မှာဖြင့် ရုပ်ပေါ်ပေါ် နာမ်ပေါ်ပေါ် ဖဿပေါ်ပေါ် ဝေဒနာ

ပေါ်ပေါ် စိတ်ပေါ်ပေါ်၊ သတိပဋ္ဌာန်လေးပါးထဲက တစ်ပါးပါး ကြိုက်ရာသာရှု၊ ဒုက္ခသစ္စာသာတွေ့ရမှာပဲ. . . (မှန်လှပါ)၊ တစ်ပါးပါးကို ကြိုက်ရာရှုပါ၊ ကြိုက်ရာရှုရင် ဘာတွေ့မလဲ. . . (ဒုက္ခသစ္စာတွေ့ပါမယ်ဘုရား)၊ ကြိုက်ရာရှုရင်ဒုက္ခသစ္စာတွေ့မယ် . . . (မှန်လှပါ)၊ သဘောကျပလား. . . (ကျပါပြီ)။

ကောင်းပြီ ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လည်း ဟောပါတယ်၊ ဝိညာဏံ = စိတ်ဝိညာဏ်ကို၊ အနိစ္စန္တိ = အနိစ္စဟူ၍၊ ပဿတိ = မြင်၍. . . (မှန်ပါ့)၊ ဩော်. . . ဝိညာဏ် ကလေးဟာဖြစ်ပြီးပျက်တာပဲ၊ မြင်စိတ်ကလေးဟာဖြစ်ပြီး ပျက်တယ်. . . (မှန်လှပါ)။

## ကြားစိတ်ကလေး

ကြားစိတ်ကလေးကော. . . (ဖြစ်ပြီးပျက်ပါတယ် ဘုရား)၊ နံစိတ်ကလေးကော. . . (ဖြစ်ပြီးပျက်ပါတယ်ဘုရား)၊ အင်း. . . ဟင် လျှာအလယ်မှာ စားစိတ်ကလေး. . . (ဖြစ်ပြီး ပျက်ပါတယ်ဘုရား)။

ကိုယ်ပေါ်မှာ ယားစိတ်၊ ယံစိတ်၊ နာစိတ်ကလေးတွေက ကော. . . (ဖြစ်ပြီးပျက်ပါတယ်ဘုရား)။

ကိုယ်ပေါ်မှာကောင်းတဲ့၊ ချမ်းသာတဲ့စိတ်ကလေး ပေါ်လာရင်ကော. . . (ဖြစ်ပြီးပျက်ပါတယ်ဘုရား)။

ဒီအကွက်က မထွက်ဘဲကိုးဗျ မထွက်တော့ ဖြစ်ပျက်ဒုက္ခသစ္စာချည်းလာတာပဲ. . . (မှန်ပါ့ဘုရား)၊ ကဲ ဒီအကွက်ထဲမှာ တစ်ခါ လောဘကလေးပေါ်လာပြန်ရင်ကော. . . (ဖြစ်ပြီးပျက်ပါတယ်ဘုရား)၊ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)၊ ဒီအကွက်ထဲမှာပဲ ဒကာ ဒကာမတွေက နေရတော့ ဒေါသကလေးပေါ်လာရင်ကော. . . (ဖြစ်ပြီးပျက်ပါတယ်ဘုရား)၊ ဘာသစ္စာပေါ်သတုံး. . . (ဒုက္ခသစ္စာပေါ်ပါတယ်ဘုရား)၊ ရှင်းပြီ . . . (ရှင်းပါပြီ)။

ဒီအကွက်ထဲမှာပဲ ယုံမှားတဲ့ဝိစိကိစ္ဆာတို့၊ ပျံ့လွင့်တဲ့ဥဒ္ဓစ္စစိတ်တို့ပေါ်လာရင် . . . (ဖြစ်ပြီးပျက်ပါတယ်ဘုရား)၊ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

## ဘာသစ္စာတုံး

ဒီအကွက်ထဲမှာပဲ ခင်ဗျားတို့လှူကြ၊ တန်းကြတာလည်း ဒီဘက်မရောက်သေးပါဘူး၊ ဒီအကွက်ထဲကနေပြီးလှူတဲ့၊ တန်းတဲ့ ကုသိုလ်စိတ်ပေါ်တာပဲ. . . (မှန်ပါ့ဘုရား)၊ ပေါ်ပြန်တော့ကော. . . (ဖြစ်ပျက်ပါဘုရား)၊ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)၊ ဘာစိတ်ပေါ်ပေါ်ပေ့ါဗျာ. . . (မှန်လှပါ)၊ ဒီအကွက်ထဲမှာပဲ ဘုရားရှေ့ သွားထိုင်ပြီးတော့ တစ်ခါ မေတ္တာပို့နေတယ်. . . (မှန်ပါ့)၊ ကဲ. . . ဒကာကြွယ်၊ မေတ္တာပို့တဲ့စိတ်

ဘာစိတ်ခေါ်ကြမယ်. . . (ဖြစ်ပြီးပျက်ပါတယ်ဘုရား)၊ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

ဩော်. . . ဒီအကွက်ထဲနေတော့ ဒီအကွက်ထဲပေါ်တဲ့ စိတ်ဟူသရွေ့ဟာဖြင့် ဒုက္ခသစ္စာပဲပေါ်ပါတယ်. . . (မှန်လှပါ)၊ အနိစ္စပေါ်တယ် ဒုက္ခသစ္စာပေါ်တယ်ဆိုတာ ရှင်းပြီလား. . . (မှန်ပါ့ဘုရား)။

ဩော်. . . ဒါဖြင့် တို့ဝိပဿနာရှုနေရတာ အရှာခက်သလားလို့ ဒကာကြွယ်တို့၊ မောင်ဘသော်တို့မေးရင် ဘယ့်နှယ်ဖြေကြမလဲ. . . (မခက်ပါဘုရား)၊ မခက်ဘူးဆိုတာ သေချာပြီတဲ့ . . . (သေချာပါပြီ)၊ ဘာဖြစ်လို့တုံးဆိုတော့ ဒုက္ခသစ္စာမှ တစ်ပါး ဘာမှမပေါ်လာဘူး. . . (မှန်ပါ့)၊ ဒိပြင်ဘာပေါ်သေးသတုံး. . . (ဘာမှမပေါ်ပါဘုရား)၊ ဒုက္ခသစ္စာဆိုတာလည်း ဖြစ်ပျက်ပဲ. . . (မှန်ပါ့)။

## ဖြစ်ပြီးပျက်တယ်လို့ရှုနေပါ

ဒါဖြင့် ဒီအကွက်ထဲပေါ်တာတွေကို ဖြစ်ပျက် ဖြစ်ပြီးပျက်တယ်၊ ဖြစ်ပြီးပျက်တယ်လို့ ခင်ဗျားတို့ ရှုနေဖို့ အရေးကြီးပါတယ်. . . (မှန်ပါ့)၊ ရှုရင်းမတ္တာနဲ့ပဲ ဒီဉစ္စာ ဉာဏ်ရင့်လာရင် ဒုက္ခသစ္စာထင်လာတာပဲ. . . (မှန်ပါ့)၊ ပထမတော့ဖြင့် ဖြစ်ပျက်အနိစ္စပဲမြင်မှာပဲ. . . (မှန်ပါ့)၊ နောက်ဉာဏ်ကြီးကြီးလာတဲ့အခါ

ကျတော့ ဒီဖြစ်ပျက်ဟာ တခြားလား အောက်မေ့နေတယ်၊ ဒုက္ခ ရောက်နေတာကိုး. . . (မှန်လှပါဘုရား)။

ဒုက္ခရောက်တယ်ဆိုတော့ ဉာဏ်ကလေးပြောင်းကြည့် လိုက်တာပေါ့. . . (မှန်ပါ့)၊ ဖြစ်တာသည်ပျက်စီးမလို့ဖြစ်တာ . . . (မှန်ပါ့)၊ ပျက်တာသည် ပျက်စီးသွားတာ. . . (မှန်ပါ့)။

ဒါဖြင့် ပျက်စီးမလို့ဖြစ်တာနဲ့ ပျက်စီးသွားတာပဲ ပေါ် လာတယ်. . . (မှန်ပါ့)၊ အဲဒါသူ့ကို ဘာသစ္စာဆိုကြမလဲ. . . (ဒုက္ခသစ္စာပါဘုရား)။

အဲဒါကြောင့် သံယုတ်ပါဠိတော်ကြီးများက "ဒုက္ခမေဝ ဉပ္ပဇ္ဇ မာနံ ဉပ္ပဇ္ဇတိ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ"ဆိုပြီး သဂါထာ ဝဂ္ဂသံယုတ်ပါဠိတော်မှာဟောတယ်၊ ဒုက္ခမေဝ = ဒုက္ခသည်သာ လျှင်၊ ဉပ္ပဇ္ဇမာနံ = ဖြစ်သည်ဖြစ်၍၊ ဉပ္ပဇ္ဇတိ = ဖြစ်၏၊ မင်းတို့ သန္တာန်မှာ. . . (မှန်ပါ့)၊ ဒုက္ခမေဝ = ဒုက္ခတရားသည်သာလျှင်၊ နိရုဇ္ဈမာနံ = ချုပ်သည်ဖြစ်၍၊ နိရုဇ္ဈတိ = ချုပ်၏. . . (မှန်ပါ့)။

## ဒုက္ခဖြစ်ပြီးဒုက္ခချုပ်တာပဲ

မင်းတို့သန္တာန်ပေါ်တဲ့တရားဟာ ဒုက္ခဖြစ်ပြီး ဒုက္ခချုပ်တာ ပဲရှိတယ်. . . (မှန်ပါ)၊ သဘောပါကြပလား. . . (ပါပါတယ်)၊ ဒကာ ဒကာမတွေ သန္တာန် ၂ နံပါတ်အကွက်ထဲ နေကြသေးတာ ကိုး. . . (မှန်ပါ)၊ ဒုက္ခသစ္စာအကွက်ထဲကကို မရွေ့နိုင်သေးဘူး

. . . (မရှေ့နိုင်သေးပါ)၊ မရှေ့နိုင်တော့ ဒီအထဲပေါ် လာတာသည် ဖြစ်တာလည်း ဒုက္ခသစ္စာ၊ ပျက်တာလည်း. . . (ဒုက္ခသစ္စာပါ ဘုရား)၊ ဒီအကွက်ထဲပေါ် လာတာဟူသရွေ့ ဒါပဲရှိပါတယ်. . . (မှန်ပါ့)၊ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

ဒါကြောင့် စိတ်တစ်လုံးတည်း ပေရှု. . . (မှန်ပါ့)၊ ဝေဒနာ ကြိုက်တဲ့သူက ဝေဒနာတစ်လုံးတည်းပေရှု. . . (မှန်ပါ့)၊ ရှုလိုက်ပြီ ဆိုမှဖြင့် နောက်တော့ စိတ်ရှုတဲ့ပုဂ္ဂိုလ်ဟာလည်း စိတ်မတွေ့ဘူး၊ ဖြစ်ပျက်ဒုက္ခသစ္စာတွေ့တယ်. . . (မှန်လှပါ)၊ ဝေဒနာရှုတဲ့ ပုဂ္ဂိုလ် ကလည်း ဝေဒနာမတွေ့ပါဘူး၊ ဘာတွေ့သတုံး. . . (ဖြစ်ပျက် ဒုက္ခသစ္စာပဲတွေ့ပါတယ်ဘုရား)၊ ဖြစ်ပျက်ဒုက္ခသစ္စာပဲရှိတာကိုး . . . (မှန်ပါ့)၊ ဝေဒနာဆိုတာ နာမ်ပဲ. . . (မှန်ပါ့)၊ တကယ်ဉာဏ် နဲ့ကြည့်လိုက်တော့ ဝေဒနာမဟုတ်ဘဲနဲ့ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခပဲ သွားတွေ့တယ်. . . (မှန်ပါ့)၊ ဘာသွားတွေ့သလဲ. . . (ဖြစ်ဒုက္ခ ပျက်ဒုက္ခပဲတွေ့ပါတယ်ဘုရား)၊ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ သွားတွေ့ တယ်ဆိုတော့ ဘုန်းကြီးက ဟောနေတာမဟုတ်ဘူး၊ ဒီမှာ သွား ကြည့်တယ်၊ ဒီအထဲပေါ် သရွေ့ ဒုက္ခချည်းပဲ. . . (မှန်ပါ့)၊ ပေါ်ကြ ပလား. . . (ပေါ်ပါပြီ)၊ ၂ ထဲမှာရှိတဲ့ တရားဟူသရွေ့ ဘာတဲ့တုံး . . . (ဒုက္ခသစ္စာချည်းပါဘုရား)။

## ဖြစ်တာပျက်တာဒုက္ခသစ္စာ

ဒါဖြင့် ဖြစ်တာလည်း ဘာဆိုကြမယ်. . . (ဒုက္ခသစ္စာပါဘုရား)၊ ပျက်တာလည်း. . . (ဒုက္ခသစ္စာပါပဲ)၊ အဲ့ဒီတော့ ခင်ဗျားတို့ သန္တာန်စိတ်ကလေးတစ်ခု ပေါ်လာလည်း ဘာသစ္စာ . . . (ဒုက္ခသစ္စာပါဘုရား)၊ စိတ်လေးတစ်ခုပျက်သွားရင် . . . (ဒုက္ခသစ္စာပါဘုရား)။

အဲဒါတွေကြည့်နေရမယ်၊ ကြည့်နေပြီဆိုမှဖြင့် ဒကာ ဒကာမတို့ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ကြည့်တာကလေးက မဂ္ဂသစ္စာ. . . (မှန်ပါ့)၊ ဖြစ်ပျက်က. . . (ဒုက္ခသစ္စာပါဘုရား)၊ ကြည့်တာကလေးက. . . (မဂ္ဂသစ္စာပါဘုရား)။

ဩော်. . . ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မဂ္ဂသစ္စာပေါ်ဖို့ အရေးသည်ကားလို့ဆိုလို့ရှိရင်ဖြင့် တခြားအရေးမှ မဟုတ်ပါကလား. . . (မှန်ပါ့)၊ ဖြစ်ပျက် ဒုက္ခသစ္စာမြင်မှ ပေါ်တာပါကလား. . . (မှန်ပါ့ဘုရား)။

ဒါကြောင့် မဂ်ဉာဏ်-ဖိုလ်ဉာဏ်ရ ရပါလို၏လို့ ဆုတောင်းရုံနဲ့ မရဘူးပြောတာ. . . (မရပါဘုရား)၊ ဖြစ်ပျက်ကြည့်လိုက်ပြန်တော့. . . (ဒုက္ခသစ္စာပါဘုရား)၊ ဖြစ်ပျက် ကြည့်လိုက်ပြန်တော့. . . (ဒုက္ခသစ္စာပါဘုရား)၊ မဂ်ရတယ် - မဂ်ရတယ်. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရ, ရပါလို၏လို့ ဘုရားရှေ့သွားတောင်းလို့

ဘုရားက ရော့. . . အငှဲ့လို့မပေးနိုင်ဘူး. . . (မှန်ပါ့)၊ ကိုယ်စိတ်ကလေးကိုယ်ဖြစ်ပျက် ရှုလိုက်တော့ ဘာရသလဲ. . . (မဂ်ဉာဏ်ရပါတယ်ဘုရား)။

## မဂ်ဉာဏ်ဆိုတာ တရားကပေးမှရတာ

ဩော်. . . ဒါဖြင့် မဂ်ဉာဏ်ဆိုတာသည် ဒကာဒကာမတို့ ဘုရားပေးလို့ရတဲ့ တရားမျိုးမဟုတ်ဘူး. . . (မဟုတ်ပါဘုရား)၊ တရားပေးမှရတာ. . . (မှန်ပါ့ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ ဘုရားပေးလို့. . . (မရပါဘုရား)၊ ဘယ်သူပေးမှ ရသတုံး. . . (တရားပေးမှ ရပါတယ်ဘုရား)။

ဒီအထဲရှိတာတွေက ဘုရားတစ်ဆူမှ မပါဘူး၊ တရားချည်းပဲ. . . (မှန်ပါ့ဘုရား)၊ ဝိညာဏ်ဆိုရင် ဝိညာဏဓမ္မ, နာမ်ရုပ်ဓမ္မ, ဟောဓမ္မချည်းပါနေတယ်. . . (မှန်ပါ့)၊ သဠာယတနဓမ္မ, တရားချည်းပဲ. . . (မှန်ပါ့)၊ ဖဿဓမ္မ. . . (တရားချည်းပါဘုရား)၊ ဝေဒနာဓမ္မ. . . (တရားချည်းပါဘုရား)၊ အဲဒီဓမ္မပေးမှ မဂ်ဉာဏ်ရတယ်. . . (မှန်ပါ့ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ မဂ်ဉာဏ်ကို ဘယ်သူပေးမှ ရသတုံး. . . (တရားပေးမှ ရပါတယ်ဘုရား)၊ ဘုရားပေးလို့. . . (မရပါဘုရား)၊ မရဘူး၊ အရှင်ဘုရား ပေးသနားတော်မူပါဆိုလို့ ဒကာကြွယ်မရဘူး. . . (မရပါဘုရား)။

ခင်ဗျားတို့ သန္တာန်ရှိတဲ့တရားကို အမြင်မှန်ကြည့်လိုက်လို့ရှိရင် တရားကပေးပါတယ်. . . (မှန်ပါ့ဘုရား)၊ ဒါဖြင့် မဂ်သည် တရားပေးလို့ရတယ်. . . (မှန်ပါ့)၊ မဂ်သည်. . . (တရားပေးလို့ ရပါတယ်ဘုရား)၊ ဘုရားပေးလို့. . . (မရပါဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)၊ မဂ်ဘယ်သူပေးမှရသတုံး. . . (တရားပေးမှရပါတယ်)၊ ဒကာကြွယ်တို့ အခုဥပမာမှာ ဖြစ်ပျက်ကလေးမြင်လို့ မြင်ပျက်ကလေး ဆုံးတယ်ဆိုတော့ ဘုရားက ပေးတာလား. . . တရားကပေးတာလား. . . (တရားက ပေးတာပါဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## ဘုရားဆီသွားတောင်လို့မရ

ဘုရားကဟောဖော်ရတယ်. . . (မှန်ပါ့)၊ ဘုန်းကြီးကလည်း ဘုရားတပည့်သားဖြစ်တဲ့အတိုင်း ဟောဖော်ရတာပဲ . . . (မှန်ပါ့)၊ စင်စစ်တကယ့်မဂ်ဉာဏ်ပေးတာကတော့ ၂ နံပါတ် အကွက်က တရားတွေက ခင်ဗျားတို့ကို မဂ်ဉာဏ်ပေးတယ်. . . (မှန်လှပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်သည် ဘုရားဆီသွားတောင်းလို့ ရ,မရ. . . (မရပါဘုရား)၊ တရားကို အမြင်မှန်နဲ့ ကြည့်ရင် . . . (ရပါတယ်ဘုရား)၊ ဒကာကြွယ် ကဲ. . . အဖိုးတန်ပလား . . . (အဖိုးတန်ပါတယ်ဘုရား)၊ ရိပ်မိပြီ. . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် မင်္ဂဉာဏ်, ဖိုလ်ဉာဏ် လိုချင်လို့ရှိရင် တရားကြည့်ပေး. . . (မှန်လှပါ)၊ မင်္ဂဉာဏ်, ဖိုလ်ဉာဏ်လိုချင်လို့ရှိရင်. . . (တရားကြည့်ပေးရပါမယ်)၊ တရားကြည့်ပေးတော့ ၂ နံပါတ်အကွက်က တရားကိုကြည့်ရမယ်၊ ဒီပြင်တရားမကြည့်ရဘူး . . . (မှန်လှပါ)၊ ဘယ်တရားကြည့်ရမယ်. . . (၂ နံပါတ်အကွက်က တရားကို ကြည့်ရမယ်)၊ ၂-နံပါတ်ထဲမှာလည်း သတိပဋ္ဌာန်လေးပါးထဲက တစ်ပါးပါးကိုကြည့်. . . (မှန်လှပါ)၊ ကာယာနုပဿနာဖြင့် ရုပ်ကြည့်. . . (မှန်ပါ့)၊ ဝေဒနာနုပဿနာဖြင့်. . . (ဝေဒနာကြည့်ရပါမယ်)၊ စိတ္တာနုပဿနာဖြင့်. . . (စိတ်ကြည့်ရပါမယ်ဘုရား)။

အဲဒါတွေ တရားတွေမဟုတ်လား. . . (မှန်ပါ့)၊ အဲဒီတရားတွေကို ခင်ဗျားတို့က ပေါ်တိုင်း ပေါ်တိုင်းကြည့်တော့ သူတို့က ကျုပ်တို့ဟာ ဖြစ်ပျက်ပါပဲ၊ သူတို့ကပြောတယ်. . . (မှန်ပါ့ဘုရား)၊ သူတို့ကပြောတဲ့အခါကျတော့ ခင်ဗျားတို့က ဪ . . . ဒါတွေဟာဖြစ်ပျက်တွေပဲ၊ အနိစ္စတွေပဲလို့ မသိဘူးလား . . . (သိပါတယ်ဘုရား)။

အဲ. . . သိတာက = သမ္မာဒိဋ္ဌိ. . . (မှန်ပါ့)၊ သမ္မာဒိဋ္ဌိဆိုတာ မဂ္ဂင်ပဲ. . . (မှန်ပါ့)၊ သမ္မာဒိဋ္ဌိဆိုတာ. . . (မင်္ဂပါဘုရား)၊ မဂ္ဂင်. . . မဂ္ဂင်. . . (မှန်ပါ)၊ မင်္ဂဉာဏ်လည်း ဆိုနိုင်ပါတယ်၊ မဂ္ဂင်လည်း ဆိုပါတယ်. . . (မှန်ပါ့ဘုရား)၊ အတူတူပဲ။

## မဂ်ဉာဏ်လိုချင်ရင် တရားအားထုတ်ပါ

ဒါဖြင့် ဒီသမ္မာဒိဋ္ဌိမဂ္ဂင်ကို မောင်ဘသော် ဘယ်သူပေးလို့ရပါလိမ့်. . . (တရားပေးလို့ရပါတယ်ဘုရား)၊ ဒကာကြွယ်ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ သဘောပါပလား. . . (ပါပါပြီ)။

ကောင်းပြီ. . . ဒါကို တရားပေးလို့ရတယ်ဆိုတာတော့ ရှင်းပါပြီနော်. . . (မှန်ပါ)၊ ဒါဖြင့် မဂ်ဉာဏ်လိုချင် တရားအားထုတ်. . . (မှန်ပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)၊ မဂ်ဉာဏ်ရချင် လိုချင်ရင်. . . (တရားအားထုတ်ရပါမယ်ဘုရား)၊ နို့. . . ဘုရားရှေ့တပည့်တော်တို့သွားတယ်၊ အဲဒါက သူ့ရှေ့သွားအားထုတ်တာ၊ ပေးတာတော့ တရားကပေးတယ်. . . (မှန်ပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ ပေးတာကတော့. . . (တရားကပေးတာပါဘုရား)၊ တရားကသာ ဖြစ်ပြီးပျက်တာတွေပြတော့မှ ခင်ဗျားတို့က ဖြစ်ပျက်တွေ မမြင်ပေဘူးလား. . . (မြင်ပါတယ်ဘုရား)၊ ဉာဏ်မြင်ပေါ့ဗျာ. . . (မှန်ပါ)။

## မဂ်ဉာဏ်ဘယ်သူကပေးသတုံး

အဲဒီတော့ သမ္မာဒိဋ္ဌိမဂ္ဂင်ရတယ်. . . (မှန်ပါ)၊ ဟ. . . ဒီမဂ္ဂင်ဘယ်သူကပေးသတုံးလို့ မေးရင်. . . (တရားကပေးပါတယ်ဘုရား)၊ တရားမှာလည်း ၁-ကွက်မှာရှိတဲ့ တရား. . .

၂ ကွက်မှာရှိတဲ့တရားရှိတယ် ဘယ်တရားက ပေးပါလိမ့်. . . (၂-ကွက်ထဲမှာရှိတဲ့တရားက ပေးပါတယ်ဘုရား)။

ခင်ဗျားတို့နေတာက ၂-ကွက်ထဲနေတော့ကို ၂-ကွက်ထဲမှာပဲ တရားရှိတယ်. . . (မှန်ပါ့)၊ ၁-ကွက်ကလွန်ပြီးသားဖြစ်နေတယ်၊ အဝိဇ္ဇာသင်္ခါရာဆိုတဲ့ ၁-ကွက်က အတိတ်ဘဝကဟာ ပြီးခဲ့ပြီ. . . (မှန်ပါ့)။

ယခု ပစ္စုပ္ပန်ဘဝ ခင်ဗျားတို့ သန္တာန်ပေါ်တဲ့ တရားက ခင်ဗျားတို့ ဆရာဘုန်းကြီးက ပေးတဲ့နည်းနဲ့ ကြည့်လိုက်ပြီဆိုမှဖြင့် ခင်ဗျားတို့မှာ မဂ်ဉာဏ်ရတယ်. . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ တရားကပေးမှ မဂ်ဉာဏ်ရတယ်. . . (မှန်ပါ)၊ ဘုရားကပေးလို့. . . (မရပါဘုရား)၊ မဂ်ဉာဏ်မရနိုင်ဘူးတဲ့. . . (မှန်ပါ့)။

ဒါကြောင့်ဘုရားဆီသွားလို့ရှိရင်၊ ဘုရားကဘယ်တရား ဘယ်တရားအားထုတ်ကြပေါ့. . . (မှန်လှပါဘုရား)၊ ဘုရားက အားထုတ်စဉ် တရားပေးလိုက်တယ်ဆိုတာ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အဲဒီပေးတဲ့တရား ဘာလုပ်ရမလဲ. . . (အားထုတ်ရမယ်)၊ နောက်ဆုံးပိတ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဒီရဟန်း ရသွားတဲ့ အခါကျတော့ တရားကပေးလို့ရတာ. . . (မှန်ပါ့ဘုရား)၊ ဘုရား

က၊ ဘယ်တရား, ဘယ်တရားအားထုတ်လို့ အားထုတ်စဉ် ပြောလိုက်တယ်. . . (မှန်ပါ့ဘုရား)၊ ဟိုပုဂ္ဂိုလ်တွေ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရတာကတော့ ဘယ်သူကပေးတာတုံး. . . (တရားက ပေးတာပါဘုရား)။

## ဖြစ်ပျက်သာကြပ်ကြပ်ကြည့်ပေးပါ

ဒါဖြင့် ခင်ဗျားတို့ခန္ဓာကိုယ်ကြီးဟာ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)၊ အဲဒီဒုက္ခသစ္စာကြီးကို ဖြိုင်ဖြိုင်သာကြည့်ပေး၊ သူကမဂ်ဉာဏ်, ဖိုလ်ဉာဏ် ခင်ဗျားတို့ကိုပေးပါလိမ့်မယ် . . . (မှန်လှပါဘုရား)၊ သဘောကျပလား. . . (ကျပါတယ်)၊ ခင်ဗျားတို့က ဖြစ်ပျက်သာကြပ်ကြပ်ကြည့်ပေး. . . (မှန်ပါ့ဘုရား)၊ အနိစ္စဖြစ်ပျက်သာ ကြပ်ကြပ်ကြည့်ပေးလို့ရှိရင် အဲဒီဖြစ်ပျက်ကြောင့် မဂ်ဉာဏ်ဖြစ်ရမယ်. . . (မှန်ပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)။

အဲဒါကြောင့် ပဋ္ဌာန်းပါဠိတော်ကြီးကျတော့ "သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ"တဲ့ (မှန်လှပါ)၊ သင်္ခါရေ = သင်္ခါရတရားတွေကို၊ ဒါတရားတွေပေါ့ဗျာ. . . (မှန်လှပါ)၊ အနိစ္စတော = အနိစ္စအားဖြင့်လည်းကောင်း ဒုက္ခတော = ဒုက္ခအားဖြင့်လည်းကောင်း၊ အနတ္တတော = အနတ္တ အားဖြင့်လည်းကောင်း၊ ဝိပဿတိ = မြင်၏ဆိုတော့ မြင်တဲ့ စိတ်က မဂ္ဂင်. . . (မှန်လှပါဘုရား)။

## ဖြစ်ပြင်လို့ပေါ်လာတဲ့တရား

ဒါက သင်္ခါရတရား၊ သင်္ခါရတရားကို ခင်ဗျားတို့က ရှုလိုက်တဲ့အခါကျတော့ မဂ်ဉာဏ်ပေါ်တယ်. . . (မှန်လှပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)၊ သင်္ခါရတရားဆိုတာလည်း နားမယောင်ပါနဲ့၊ အဝိဇ္ဇာသင်္ခါရကပြုပြင်လို့ ပေါ်လာတဲ့တရားဖြစ်သောကြောင့် သူ့ကို သင်္ခါရတရားခေါ်ပါတယ်. . . (မှန်ပါဘုရား)၊ ၂ ကွက်ထဲပါတဲ့တရား၊ ဘာတရားတုံး. . . (သင်္ခါရတရားပါဘုရား)၊ သင်္ခါရတရားဆိုတာ ဖြစ်မှုပျက်မှုရှိတာ သင်္ခါရတရားလို့ မှတ်လိုက်စမ်းပါ. . .(မှန်ပါ့ဘုရား)၊ သူများပြုလို့ပေါ်လာတဲ့တရားကော. . . (သင်္ခါရတရားပါဘုရား)။

သင်္ခါရတရားဆိုတာရှင်းသွားပြီ. . . (ရှင်းသွားပါပြီဘုရား)၊ ဒကာကြွယ် နေရာကျပလား. . . (ကျပါပြီဘုရား)၊ ဒါဖြင့် ဝိပဿနာရှုရင် ပဋိစ္စသမုပ္ပါဒ်ကြီးမှာ အခုလေးမျိုးပြတယ်. . . (မှန်ပါ့)၊ ဘယ်ထဲကဟာရှုရမှာတုံး. . . (၂ ထဲကဟာရှုရမှာပါဘုရား)၊ ၁-လည်းသွားမရှုနဲ့၊ ၃-တွေလည်းသွားရှုစရာမဟုတ်ပါဘူး. . . (မဟုတ်ပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)၊ ၄ အနာဂတ်ဆိုတာ မရောက်သေးလို့ ရှုစရာမရှိပါဘူး. . . (မှန်ပါဘုရား)။

## ဘယ်ဟာရှုကြရမယ်

ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်ဟာ ရှုကြရမယ်. . . (၂ ထဲကဟာ ရှုရမှာပါဘုရား)၊ အဲ-၂ ကွက်ထဲမှာရှိတဲ့ဟာ သတိပဋ္ဌာန်လေးပါးပါတယ်. . . (ပါပါတယ်ဘုရား)၊ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ နော်. . . (မှန်ပါ့ဘုရား)၊ အဲဒါတွေ ကြည့်လိုက်တဲ့အခါကျလို့ ရှိရင် တစ်ခုခုဖိပြီးရှုပါ. . . (မှန်ပါ့)၊ စိတ်ကြိုက်တဲ့ပုဂ္ဂိုလ်က . . . (စိတ်ရှုရပါမယ်)၊ သဘောကျပလား. . . (ကျပါပြီ)၊ ဝေဒနာကြိုက်တဲ့ပုဂ္ဂိုလ်က. . . (ဝေဒနာရှုရပါမယ်ဘုရား)၊ သဘောပါသွားပလား. . . (ပါပါပြီဘုရား)။

အဲဒီတော့ ဒါတွေကို ခင်ဗျားတို့ကရှုလိုက်တော့ ၂ နံပါတ်ထဲကနေပြီးသကာလတဲ့၊ ၂ နံပါတ်ကသမ္မာဒိဋ္ဌိပေးတယ် . . . (မှန်ပါဘုံရား)၊ ဆရာကောင်း သမားကောင်းတည်းဟူသော နည်းနာနိဿယကောင်းရပြီဆိုရင် ၂ နံပါတ်ထဲမှာ ရှိနေတဲ့ တရားတွေက ခင်ဗျားတို့ကို သမ္မာဒိဋ္ဌိပေးတယ်. . . (မှန်ပါ့)။

ကဲ. . . ဒါဖြင့် သံယုတ်ပါဠိတော်နဲ့ ပြောကြစို့. . . (မှန်ပါ့)၊ သူကပေးတယ် = မပေးတယ်သိရအောင်. . . (မှန်ပါ့ဘုရား)။

"ဘိက္ခဝေ ဧဝံ ဝိညာဏံ အနိစ္စတော ပဿတိ"

ဘိက္ခဝေ = ရဟန်းတို့၊ ဧဝံ = ဤသို့၊ ဝိညာဏံ = မင်းတို့သန္တာန်၌၊ ၂ ကွက်ထဲပါတဲ့စိတ်ကို၊ အနိစ္စတော = အနိစ္စအားဖြင့်၊ ပဿတိ = ရှုစမ်းပါပေါ့. . . (မှန်ပါ့)။

## ဖြစ်ပြီးပျက်တယ်လို့ရှုစမ်းပါ

၂ ကွက်ထဲပါတဲ့ စိတ်ကလေးတစ်လုံးကိုပေါ့လေ. . . (မှန်ပါ့)၊ ဖြစ်ပြီး ပျက်တယ်လို့ ရှုစမ်းပါတဲ့. . . (မှန်လှပါဘုရား)၊ ဒကာ ဒကာမတွေ စိတ်ကလေးတစ်လုံး ဘာလုပ်ရမလဲ. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ ဖြစ်ပျက်လို့ ရှုစမ်းပါတဲ့. . . (မှန်ပါ့)။

ကောင်းပြီ. . . တပည့်တော်တို့ ရှုပါပြီဘုရားလို့ ဒကာကြွယ်ကပဲ လျှောက်ပါတော့နော်. . . (မှန်ပါ့)၊ မောင်ဘသော်က လျှောက်လျှောက်၊ ဦးလှဘူးက လျှောက်လျှောက်ပေါ့ဗျာ. . . (မှန်လှပါ)။

"သာအယံ ဟောတိ သမ္မာဒိဋ္ဌိ"

အယံ = ဤဖြစ်ပျက်ကိုရှုခြင်းသည် ဖြစ်ပျက်ကိုရှုသော၊ သာ = ထိုပညာသည်၊ သမ္မာဒိဋ္ဌိ = သမ္မာဒိဋ္ဌိမည်၏။

အင်း - ဒကာ ဒကာမတို့ - ဖြစ်ပျက်ရှုတာ ဘာဒိဋ္ဌိလည်း . . . (သမ္မာဒိဋ္ဌိပါဘုရား)၊ ဟော - သမ္မာဒိဋ္ဌိမဂ္ဂင်ပေါ်ပြီ. . . (မှန်ပါ့)၊ ရှုလိုက်တော့ ဘာဖြစ်လာသလဲ. . . (သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်လာပါတယ်)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့. . . သမ္မာဒိဋ္ဌိမဂ္ဂင် ပေါ်လာတယ်ဆိုတာ သေချာပလား. . . (သေချာပါတယ်ဘုရား)၊ ဩော်. . . ဒါဟာ မင်္ဂရချင်လို့ ဆုတောင်းလို့ရတာလားတဲ့၊ ရှုလို့ရတာလား. . . (ရှုလို့ရတာပါဘုရား)၊ ဘယ်သူ့ကို ရှုလိုက်ပါလိမ့်. . . (ဖြစ်ပျက်ရှုလိုက်ပါတယ်)၊ ဖြစ်ပျက်ရှုလိုက်ပါတယ်. . . (မှန်ပါ့)၊ ဖြစ်ပျက်ကိုရှုလိုက်ပါတယ်၊ ဖြစ်ပျက်ရှုလိုက်တော့ ခင်ဗျားတို့ ဘာရသတုံး. . . (သမ္မာဒိဋ္ဌိမဂ္ဂင်ရပါတယ်ဘုရား)။

## သမ္မာဒိဋ္ဌိမဂ္ဂင်ရတယ်

ဩော်. . . သမ္မာဒိဋ္ဌိမဂ္ဂင်ရတယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)၊ အင်း. . . ဒါဖြင့် ဒီဖြစ်ပျက် ရှုလိုက်တော့ ဝမ်းထဲသမ္မာဒိဋ္ဌိမဂ္ဂင်ရတယ်. . . (ရပါတယ်ဘုရား)၊ ဥပမာ မျက်လုံးစိတ်ကလေးဖြစ်ပျက်ရှုလိုက်တော့ ဝမ်းထဲဘာရသလဲ . . . (သမ္မာဒိဋ္ဌိမဂ္ဂင်ရပါတယ်ဘုရား)၊ နားထဲကြားစိတ်ကလေး ရှုလိုက်တော့. . . (သမ္မာဒိဋ္ဌိမဂ္ဂင်ရပါတယ်ဘုရား)၊ ဝမ်းထဲမှာပဲ တစ်ခါလောဘစိတ်ကလေးပေါ်လာတာ ရှုလိုက်ပြန်တော့ . . . (သမ္မာဒိဋ္ဌိမဂ္ဂင်ရပါတယ်ဘုရား)။

အင်း ဝမ်းထဲပေါ်လာတဲ့ဒေါသရှုလည်းသမ္မာဒိဋ္ဌိ မောဟရှုလည်း. . . (သမ္မာဒိဋ္ဌိမဂ္ဂင်ပါဘုရား)၊ ကုသိုလ်စိတ်ကလေး

ရှုလိုက်ပြန်တော့. . . (သမ္မာဒိဋ္ဌိမဂ္ဂင်ပါဘုရား)၊ အဒေါသဆိုတဲ့ မေတ္တာ စိတ်ကလေးရှုလိုက်ပြန်တော့. . . (သမ္မာဒိဋ္ဌိမဂ္ဂင်ပါ ဘုရား)၊ သမ္မာဒိဋ္ဌိမဂ္ဂကလည်း ဒကာ ဒကာမတို့ ခမ္မကပေးတာ ပါလား . . . (မှန်ပါ့ဘုရား)၊ ဖြစ်ပျက်ခမ္မကပေး တယ်. . . (မှန်ပါ ဘုရား)၊ သမ္မာဒိဋ္ဌိမဂ္ဂင် ဘယ်သူကပေးပါလိမ့် . . . (ဖြစ်ပျက် ခမ္မကပေးပါတယ်ဘုရား)၊ ဖြစ်ပျက်ခမ္မကပေးတယ်ဆိုတာ သဘောကျပလား. . . (ကျပါပြီ)။

ဘိက္ခဝေ = ရဟန်းတို့၊ ဝိညာဏံ = စိတ်ကလေး တစ်ခု ကို အနိစ္စန္တိ = အနိစ္စဟူ၍၊ ပဿတိ = ရှု၏. . . (မှန်ပါ့)။

စိတ်ကလေးတစ်ခုကို ခင်ဗျားတို့ကရှုတယ်တဲ့၊ ဖြစ်ပျက် ကို ရှုလိုက်တယ်. . . (မှန်လှပါ)၊ အဲဒီလိုရှုတာကလေးက ဘာတဲ့- အယံ = ဤသို့ရှုသော၊ သာ = ထိုပညာသည်၊ သမ္မာဒိဋ္ဌိ = သမ္မာဒိဋ္ဌိမည်၏. . . (မှန်လှပါ)၊ သဘောကျပလား. . . (ကျပါပြီ)။

## လောကီမဂ္ဂင်ငါးပါး

အဲဒါ သမ္မာဒိဋ္ဌိပါလာတယ်ဆိုတော့ ဒကာကြွယ်တို့ သင်ထားတကာက သမ္မာဒိဋ္ဌိပါရင် သမ္မာသင်္ကပ္ပပါပြီ. . . (မှန်ပါ့)၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ လောကီ မဂ္ဂင်ငါးပါးမပါသေးဘူးလား. . . (ပါပါတယ်ဘုရား)၊ ငါးပါးဟာ

တစ်ပြိုင်နက်ဖြစ်တယ်. . . (မှန်ပါ)၊ ဒါဖြင့် အနိစ္စတစ်ချက် မြင်ရင် မဂ္ဂင်ဘယ်နှစ်ပါးဖြစ်သလဲ. . . (ငါးပါးဖြစ်ပါတယ်ဘုရား)၊ အနိစ္စတစ်ချက်မြင်ရင်. . . (မဂ္ဂင်ငါးပါးဖြစ်တယ်ဘုရား)၊ မဂ္ဂင်ငါးပါး တစ်ခါတည်းရတယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ အနိစ္စတစ်ချက်မြင်ရင်. . . (မဂ္ဂင်ငါးပါးဖြစ်ပါတယ်ဘုရား)။

ဩော်. . . မဂ္ဂကလည်း ဘယ်နေရာများပေါ်ပါလိမ့် မတုံးလို့ မေးဖို့မလိုဘူးလား. . . (လိုပါတယ်ဘုရား)၊ မဂ္ဂင်က ဘယ်နေရာပေါ်ရမတုံး၊ ဒကာ ဒကာမတို့ မဂ္ဂင်ဆိုတာသည် ဒုတိယအကွက်ထဲရှုတော့ကို ဒုတိယအကွက်ထဲပဲ ပေါ်ရ တယ်. . . (မှန်လှပါ)၊ ဒုတိယအကွက်ထဲမှာရှိတဲ့စိတ်ကို ဒကာ ဒကာမတွေက ဒုတိယအကွက်ထဲမှာနေတာကိုး. . . (မှန်လှပါ)၊ ၂-နံပါတ်အကွက်ထဲနေတယ်. . . (မှန်ပါ့)၊ နောက်ပြီးတော့ ဒီအထဲကတရားကို ရှုတော့ဒီအထဲမှာပဲ မဂ္ဂင်ပေါ်တယ်. . . (မှန်လှပါ)။

## မဂ်သည်လက်ငင်းရတယ်

ဒါကြောင့် မဂ္ဂင်သည် ဒီဘဝပေါ်တာလား၊ နောက်ဘဝမှ ပေါ်မှာလား. . . (ဒီဘဝပေါ်တာပါဘုရား)၊ ဒီဘဝမှာ အခုပြော တဲ့စိတ်တွေ အခုရှုတာကိုးဗျ. . . (မှန်လှပါ)၊ ဒါဖြင့် မဂ်သည် ဒကာ ဒကာမတို့ ဖြည်းဖြည်းမှရမှာလား လက်ငင်းရတာလား . . . (လက်ငင်းရပါတယ်ဘုရား)။

ဩော်. . . ဒကာ ဒကာမတွေကလည်း လျှာရှည်လိုက်တဲ့ဖြစ်ခြင်း၊ လက်ငင်းရတာ အကြွေးတောင်းနေတော့ အတော်ခက်တယ်. . . (မှန်ပါ့)၊ ဝဋ္ဋဘဝတိုတိုနဲ့ မဂ်ဖိုလ်ရ, ရပါလို၏ဆိုတော့ ဒကာကြွယ် အကြွေးတောင်းနေတယ်. . . (တောင်းနေပါတယ်ဘုရား)၊ ရတာက. . . (လက်ငင်းရတာပါဘုရား)၊ လက်ငင်းရတာလဲမသိဘူး၊ အကြွေးသာ နင်းကန်တောင်းနေတာပဲ. . . (မှန်လှပါ)၊ ဒီလိုဆိုတော့ ဒကာကြွယ် ဒါရှုချက်သန်တာ . . . ( မှန်ပါ့)၊ မသန်ဘူးလား. . . (သန်ပါတယ်ဘုရား)၊ ရတာက. . . (လက်ငင်းပါဘုရား)။

ဒါဖြင့် အခုရတာ မလိုချင်သေးဘူး၊ နောက်မှပေးပါလို့ဆိုတဲ့ အဓိပ္ပါယ်မျိုးကော မရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် အခုအပါယ်သွားရပါစေဦးပေါ့ဗျာ. . . (မှန်ပါဘုရား)၊ နောက်တစ်ခေါက်ပြန်မှယူပါရစေ. . . (မှန်ပါ့)၊ အတော်ဆိုးတဲ့ စကားပဲ အဓိပ္ပါယ်ရတယ်. . . (ရပါတယ်ဘုရား)။

အဲဒါ ဘုန်းကြီးက ဘယ့်နှယ်ကြောင့် ဒီလိုပြောရသတုံးဆိုတော့ ခင်ဗျားတို့ အခု ၁-ကွက်ထဲမှာဖြစ်နေသလား၊ ၂-ကွက်ထဲမှာဖြစ်နေသလား. . . (၂-ကွက်ထဲမှာပါဘုရား)၊ ၂-ကွက်ထဲမှာနေဘ်. . . (မှန်လှပါ)၊ ၂-ကွက်ဆိုတော့ ယခုဘဝပါ. . . (မှန်ပါ့)၊ ဟုတ်တယ်-မဟုတ်တယ် ဒီကြည့်လိုက်၊ ပစ္စုပ္ပန်လို့

မပါဘူးလား. . . (ပါ-ပါတယ်ဘုရား)၊ ဒီမှာလည်း ပစ္စုပ္ပန်အကျိုး လို့ မပါဘူးလား. . . (ပါ-ပါတယ်ဘုရား)။

## ဖြစ်ပျက်ကာအနိစ္စ မြင်တာကာမဂ္ဂ

ဒါဖြင့် ယခုရှိတာလား၊ မရှိဘူးလား. . . (ရှိပါတယ်ဘုရား)၊ ယခုရှိနေတော့ ပစ္စုပ္ပန်ဘဝ. . . (မှန်ပါ့)၊ အဲ. . . ပစ္စုပ္ပန်ဘဝမှာပဲ ဆရာဘုန်းကြီးက ဒကာ ဒကာမတို့ စိတ်ကလေး တစ်လုံးကို ရှုလိုက်ပါလို့ပြောတယ်၊ ခင်ဗျားတို့ကလည်း ဖြစ်ပြီး ပျက်တာ မြင်လိုက်ပြီဆိုပါတော့. . . (မှန်ပါ့)၊ ဖြစ်ပျက်က အနိစ္စ. . . (မြင်တာကာမဂ္ဂပါဘုရား)။

ကဲ. . . အကျိုးထဲမှာလား အကြောင်းထဲမှာလား. . . (အကျိုးထဲမှာပါဘုရား)၊ ဘယ်ထဲမှာရသတုံး. . . (၂-ထဲမှာရပါတယ်ဘုရား)၊ ၂-နံပါတ်အကွက်ထဲမှာရတယ်. . . (မှန်ပါ့)၊ ဒကာကြွယ် မဟုတ်ဘူးလား. . . (ဟုတ်ပါတယ်ဘုရား)၊ ဆုတောင်းတဲ့ ပုဂ္ဂိုလ်က ၃-နံပါတ်အကွက်ကျမှ ယူပါရစေ၊ နောက်မှယူပါရစေ. . . (မှန်ပါ့ဘုရား)၊ ဆုတောင်းတဲ့ပုဂ္ဂိုလ်က ၄-နံပါတ်ကျမှယူပါရစေ. . . (မှန်ပါ့ဘုရား)၊ ဘာဖြစ်လို့တုံးလို့ မေးတဲ့အခါကျတော့ ဒကာ ဒကာမတို့ ရနေတာတောင်မှ ရမှန်း မသိဘူး. . . (မှန်ပါ့ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ဘယ့်နှယ်ဆိုကြမယ်. . . (ရနေတာတောင်မှ ရမှန်းမသိပါဘုရား)။

## ဝဋ်ဘဝတိုတိုနဲ့ မဂ်ရရပါလို၏

အဲဒါ ခင်ဗျားတို့ ဘုရားရှေ့သွားပြီးသကာလ တော်အောင်လျော်အောင်လိမ်မနေကြနဲ့. . . (မှန်ပါဘုရား)၊ ဒကာကြွယ်တို့၊ သူတို့ဘုရားရှေ့သွားပြီး ဤဆွမ်း၊ ဤကွမ်း ဤဖယောင်းတိုင် ဤမီးအလှူကြောင့် ဟုတ်လား. . . (မှန်ပါ့)၊ ဝဋ်ဘဝတိုတိုနဲ့ မဂ်ဖိုလ်ရ,ရပါလို၏ဘုရားဆိုတော့ နောက်တော့မှ ရပါရစေဘုရား. . . (မှန်ပါ့)၊ ဒီလိုဆိုတော့ လုပ်တာက အခုလုပ်နေတာ. . . (မှန်ပါ့)၊ ရတာက. . . (နောက်မှပါဘုရား)၊ မဟုတ်ဘူး ရှုတော့ကို. . . (အခုရတာပါဘုရား)၊ အခုရှု-အခုရနေတာဗျ. . . (မှန်ပါဘုရား)၊ ခင်ဗျားတို့ဆုတောင်းတာက နောက်မှ ရ,ရပါလို၏တဲ့. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

## ဘုရားရှေ့သွားပြီးအရှုးထတာ

အဲဒီတော့ ဒီပုဂ္ဂိုလ်ဟာ တော်တော်ရှူးသေးတယ်လို့ဆို . . . (ဆိုရပါမယ်ဘုရား)၊ မောင်ဘသော်. . . ဘယ့်နှယ်ဆိုမယ် . . . (တော်တော်ရှူးသေးပါတယ်ဘုရား)၊ တော်တော်ရှူးတယ်လို့ ဆိုသာဆိုပါ. . . (မှန်ပါ့)၊ ဘာဖြစ်လို့တုံးဆိုတော့ ဘုရားကလည်း သက်တော်ထင်ရှားကမရှိလို့. . . (မှန်ပါ့)၊ ရှိလို့ရှိရင် နှင်လုပ်နေလို့ နှင်အခုရတာတော့ နှင်မကြိုက်ဘူးလား၊ နောက်မှရတာကို

နောက်ရှ‌ရပါလို၏လို့ ငါ့ဆီလာတောင်းတယ်၊ ငါလည်း မပေးနိုင်ဘူး၊ နောက်လည်းရမှာမဟုတ်ဘူး၊ အခုရအောင်လုပ်လို့ ပြောမှာပဲ. . . (မှန်ပါ့ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ အဲဒီ ခင်ဗျားတို့က ဘုရားရှေ့သွားပြီး ဒကာကြွယ်တို့က၊ အရှုးထတာက အတော်ဆိုးတယ်. . . (မှန်ပါ့ဘုရား)။

ဘုန်းကြီးတွေကြွလာလို့ ကန်တော့ကျိုးယူပြန်လို့ရှိရင်လည်း ဝဋ်ဘဝတိုတိုနဲ့ မဂ်ဖိုလ်ရ, ရပါလို၏ဘုရား. . . (မှန်ပါ့ဘုရား)။

လုပ်ပြန်ပြီခင်ဗျားတို့. . . (မှန်ပါ့)၊ ကိုယ်လုပ်နေတဲ့အလုပ်က အခု ရနေတာမသိလို့ ယူတဲ့သဘောကလေးနဲ့ပေါ့လေ. . . (မှန်ပါ့ဘုရား)၊ ဒီမသိတာကလည်း ဒီပဋိစ္စသမုပ္ပါဒ်ကြီးက ကိုယ့်ခန္ဓာထဲမှာ အခုဖြစ်ပေါ်နေတာကို မသိဘူး. . . (မှန်ပါ့ဘုရား)။

အခုဖြစ်ပျက်ရှိနေလို့ အခုသိတဲ့ မဂ်ဉာဏ်ပေါ်နေတာကိုပဲ မသိဘူးဆိုတော့ အင်း. . . ခေါင်းမှာလည်း အနာတွေက ပိုးကျနေပြီ၊ သူကဖြင့် ပြုံးတုန်းပဲရှိသေးတယ်. . . (မှန်လှပါဘုရား)၊ သေမှာကနက်ဖြန်၊ ယနေ့ထက်ထိ အနာတွေလည်း ပိုးကျလို့ ပြုံးတုန်းပဲဆိုတော့ ဒီပုဂ္ဂိုလ်ဟာ စိတ်ကောင်း၊ မကောင်း. . . (မကောင်းပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)။

ဒီမှာလည်း ထို့နည်းအတူပဲ ဒကာ ဒကာမတို့ ကိုယ်ရနေတော့ ရမှန်းမသိဘဲ နောက်မှဘုရားဆီလည်းသွားတောင်းတယ်၊ ဘုရားကလည်း မပေးနိုင်၊ နောက်မှလည်းမရဘူး၊ ရတာက အခုရနေတာအော်တုန်း၊ ဟစ်တုန်းဆိုလို့ရှိရင်ဖြင့် ကိုယ့်အနာကိုယ်ပေါက်နေတာမသိတဲ့လူပါပဲ. . . (မှန်လှပါ)၊ အတော်ရူးတယ် . . . (ရူးပါတယ်ဘုရား)။

## ရထားတဲ့ဆုတောင်း ဖျက်ပစ်ပါတဲ့

ဒကာကြွယ်. . . ဆိုထိုက်သလား. . . (ဆိုထိုက်ပါတယ်ဘုရား)၊ အင်မတန်ဖျင်းတဲ့ ဒကာ ဒကာမတွေ၊ ခင်ဗျားတို့ရထားတဲ့ ဆုတောင်းကို ဖျက်ပစ်ရမယ်. . . (မှန်လှပါဘုရား)၊ ဆုတောင်းဖျက်ပစ်ရမယ်တဲ့၊ ဘယ့်နှယ်ကြောင့် ဆုတောင်းဖျက်ပစ်ရမယ်လို့ ဆိုရသတုံးဆိုတော့၊ ခင်ဗျားတို့ အလုပ်သမားတွေကို:. . . (မှန်လှပါ)။

အလုပ်သမားတွေဆိုတော့ အခုရနေတာက မထင်ရှားဘူးလား. . . (ထင်ရှားပါတယ်ဘုရား)၊ ဒီရတာချည်း ကျင့်ဖို့ပဲအရေးကြီးတော့တယ်. . . (မှန်ပါ့)၊ ရတာကတော့ ကောန်ပဲ၊ မဂ္ဂင်ရှစ်ပါးရှိတဲ့အနက်က ငါးပါးကိုရတယ်. . . (ရပါတယ်ဘုရား)။

အဲဒီငါးပါးကိုရနေတဲ့ဥစ္စာနောက်မှရ, ရပါလို၏ဆိုတော့ ဒကာကြွယ်၊ သူဟာက အတော်ရှူးတယ်. . . (ရှူးပါတယ်ဘုရား)၊ မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့အခု ဆရာကောင်းတပည့်တွေ လည်းဖြစ်တော့၊ တော်တော်ကြာကျတော့ သိ-ကြား လိမ္မာတဲ့ ဆရာတွေနဲ့ တွေ့တဲ့အခါ မင်းတို့ဟာ ဝိပဿနာအလုပ် လုပ်နေတယ်ဆိုတယ်၊ ဝဋ်ဘဝတိုတိုနဲ့ မဂ်, ဖိုလ်ရ, ရပါလို၏တဲ့ ဝဋ်တိုတိုဆိုတာ နောက်အများကြီးကျန်သေးတယ်နော် တိုတယ် ဆိုတာလည်း နည်းတာမဟုတ်ဘူး. . . (မှန်ပါ့ဘုရား)။

တိုတယ်ဆိုပေမယ့်လည်း အရှည်ကြီး. . . (မှန်ပါ့ဘုရား)၊ မင်းလုပ်နေတာ အခုရနေတယ်၊ မင်းကလည်း တိုတိုရ, ရပါလို၏ ဆိုတော့ နောင်မှ ရ,ရပါလို၏ဆိုတဲ့ အဓိပ္ပါယ်ရောက်တယ်. . . (မှန်ပ့ါ)၊ မရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား)။

## အလုပ်သမားမှန်က၊ မဂ်ရနေပါတယ်

အဲဒီတော့ ဆရာကောင်း-သမားကောင်းနဲ့တွေ့ရင် ဩော်. . . အလုပ်တခြား ဆုတောင်းတခြားဖြစ်နေတယ်. . . (မှန်ပါဘုရား)၊ ဘယ့်နှယ်ဆိုကြမယ်. . . (အလုပ်တခြား ဆုတောင်း တခြားဖြစ်နေပါတယ်ဘုရား)။

အဲဒါတွေ. . . ခင်ဗျားတို့ ဘုရားရှေ့ မသိအောင်လည်း သွားတောင်းမနေပါနဲ့. . . (မှန်ပါ့)၊ သိ-ကြားလိမ္မာတဲ့ ပုဂ္ဂိုလ်ရှေ့မှာလည်း ဝဋ်ဘဝတိုတိုနဲ့ မင်္ဂဖိုလ်ရ, ရပါလို၏လို့ လုပ်မနေနဲ့၊ အလုပ်သမား မဂ်ရနေတာ. . . (မှန်ပါ့ဘုရား)၊ ရင့်-မရင့်ကလေးသာ အကဲခတ်ဖို့လိုပါတယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ အလုပ်သမားမှန်က. . . (မဂ်ရနေပါတယ်)၊ ဖြစ်ပျက်လိုက်ရင် ဘာတုံး. . . (မဂ်ပါဘုရား)၊ မဂ်ဟာ ဘယ်နှစ်ပါးရသတုံး. . . (ငါးပါးရပါတယ်ဘုရား)။

## စာရှည်လေ လွဲလေပဲ

အဲ ဒါသိလျက် သားနဲ့ ဒကာကြွယ်. . . ဝဋ်ဘဝတိုတိုတွေ၊ ဘာတွေ၊ စာတွေ ရှည်မနေစမ်းပါနဲ့. . . (မှန်လှပါဘုရား)၊ စာရှည်လေလွဲလေပဲ. . . (မှန်ပါ့)၊ မလွဲပေဘူးလား. . . (လွဲပါတယ်ဘုရား)။

ကဲ. . . ဒါတွေအကုန်ဖျောက်ပါ. . . (မှန်ပါ့ဘုရား)၊ အလုပ်မလုပ်တဲ့ပုဂ္ဂိုလ် တောင်းတာကတော့ သူတောင်းချင်လို့တောင်းတာ၊ မပေးနိုင်တဲ့ဆီ သွားတောင်းတာ၊ သူ့ဟာသူ အရူးထတာ ဘုန်းကြီးတို့က မဆိုလိုပါဘူး. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## မင်္ဂကိုဘုရားပေးသလား

ဒါဖြင့် ခုနကပြောတဲ့စကားနဲ့ပြန်ပြီး သကာလ အဓိပ္ပါယ်က ဟပ်ကြည့် ဒကာကြွယ်. . . (မှန်ပါ့)၊ မင်္ဂကို ဘုရားပေးသလား တရားပေးသလား. . . (တရားပေးပါတယ်ဘုရား)၊ တောင်းတာ ဘယ်သူ့ဆီသွားတောင်းသလဲ. . . (ဘုရားဆီသွားတောင်းပါတယ်)၊ ဟော. . . မပေးနိုင်ဘူးဆိုတာ သေချာပြီ. . . (မှန်ပါ့ဘုရား)၊ မပေးနိုင်ဘူး ခင်ဗျားတို့ကို ဘယ်နည်းနှင့်မှ မပေးနိုင်ဘူး. . . (မှန်ပါ့ဘုရား)၊ ပေးနိုင်ပါ့မလား. . . (မပေးနိုင်ပါဘုရား)၊ တရားကို ရှုကြည့်လိုက်တော့ ဘယ့်နှယ်တုံး. . . (ရပါတယ်ဘုရား)။

ကဲ. . . ဒါသက်သေသာကေ လုံလောက်အောင် ဘုန်းကြီးနည်းနည်းပြောပါမယ်နော်. . . (မှန်လှပါဘုရား)၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ အင်္ဂုတ္တိုရ်ပါဠိတော်မှာ လာတယ်နော်. . . (မှန်ပါ့)၊ ဘုရားဖြစ်လာပြီးသကာလ၊ လာတော့ ဩော် . . . ကိုယ့်အထက် ကိုးကွယ်စရာမရှိလို့ ရှိရင်တော့၊ ကိုယ့်သဘောနဲ့ ကိုယ်လုပ်နေတာ မကောင်းပါဘူးဆိုတော့ ဘုရားက မိမိစိတ်ထဲတွေးတော်မူမိတယ်တဲ့. . . (မှန်ပါ့)။

## ကိုးကွယ်စရာရှာဦးမှ

ဒီတော့. . . မိမိအတွက် ကိုးကွယ်စရာတော့ ရှာဦးမှပဲ . . . (မှန်ပါ့ဘုရား)၊ ဘုရားဖြစ်ပလား မဖြစ်သေးဘူးလား. . .

(ဖြစ်ပါပြီဘုရား)၊ ဘုရားဖြစ်ပြီးမှ ရှာတာ. . . (မှန်ပါ့ဘုရား)၊ ဒါနဲ့ သဗ္ဗညုတဉာဏ်နဲ့၊ ဣန္ဒြိယပရောပရိယတ္တိဉာဏ်တွေနဲ့၊ အာသာယာနုသယဉာဏ်တွေနဲ့ ကမ္ဘာကြီးကို အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် ဘုံတွေ အောက်လည်းအကုန်၊ အထက်လည်း အကုန် ဉာဏ်နဲ့လျှောက်ရှာတော်မူတယ်. . . (မှန်ပါ့ဘုရား)။

ငါ့ထက် သီလသာတဲ့ ပုဂ္ဂိုလ်ရှိရင်လည်း ငါကိုးကွယ်မယ် . . . (မှန်ပါ့)၊ ငါ့ထက် သမာဓိသာတဲ့ပုဂ္ဂိုလ်ရှိရင်လည်း. . . (ကိုးကွယ်မှာပါပဲဘုရား)၊ ငါ့ထက်ပညာသာတဲ့ပုဂ္ဂိုလ်ရှိရင်လည်း . . . (ကိုးကွယ်မှာပဲဘုရား)၊ ကိုးကွယ်မယ်ဆိုပြီး လိုက်ပြီး ရှာတော်မူတယ်. . . (မှန်ပါ့)၊ တစ်ယောက်မှမတွေ့ဘူး. . . (မှန်ပါ့)၊ မတွေ့ပါဘူး၊ ဒကာကြွယ်တွေ့ရဲ့လား. . . (မတွေ့ပါ ဘုရား)၊ မတွေ့ဘူးနော်. . . (မှန်ပါတယ်ဘုရား)။

## ဘယ့်နှယ်ကြောင့်ဘုရားဖြစ်လာပါလိမ့်

ဒါနဲ့ ဘုရားကပြန်ပြီးတော့ စဉ်းစားတော်မူတယ်၊ ဪ . . . ငါ့ထက် သီလ, သမာဓိ, ပညာသာတဲ့သူ တစ်ယောက်မှ မရှိပါကလား၊ ပုဂ္ဂိုလ်ထဲကဆိုရင် ကိုးကွယ်ရာမရှိပါကလားလို့ ဆိုတာကို တွေးမိတော်မူတယ်. . . (မှန်လှပါ)၊ သဘောပါပလား . . . (ပါ-ပါတယ်ဘုရား)၊ နောက်တော့မှ တတိယပြန်စဉ်းစား တော်မူတယ်၊ ဪ. . . ငါဘယ့်နှယ်ကြောင့် ဘုရားဖြစ်လာပါ လိမ့်မလဲလို့. . . (မှန်ပါ)။

## တရားတွေ့ရှလို့ဘုရားဖြစ်လာတာ

ဟာ. . . တရားတွေ့ရှလို့ ဘုရားဖြစ်လာတာ. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ ဘယ်လိုကြောင့်ပါလိမ့်. . . (တရားတွေ့ရှလို့ဘုရားဖြစ်တာပါဘုရား)၊ တရားတွေ့ရှလို့ဘုရားဖြစ်တော့ တရားကိုးကွယ်မှပဲ. . . (မှန်ပါ့)၊ ဒီလိုဆုံးဖြတ်ချက်ချတော်မူတယ်. . . (မှန်ပါ့)၊ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ဒါကိုဘုန်းကြီးက ခင်ဗျားတို့ တရားပေးမှ ရတယ်ဆိုတာ မယုံမှာစိုးလို့ ဝတ္ထုထုတ်ပြတာပါ. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ ဝတ္ထုကမဆုံးသေးပါဘူး ဒကာကြွယ်ရ၊ ဒီတွင်မှ သဟမ္ပတိဗြဟ္မာကြီးက ဆင်းလာတယ်. . . (မှန်ပါ့)။

## တရားသာလျှင်ကိုးကွယ်ရာ

အရှင်ဘုရား. . . အရှင်ဘုရားတွေးလုံးဟာ သိပ်တည့်ပါကလားတဲ့. . . (မှန်ပါ့)၊ အရှင်ဘုရား၏ နောင်တော်ဖြစ်တော်မူကြတဲ့ ကုက္ကုသန်, ကောဏာဂုံ, ကဿပမြတ်စွာဘုရားတွေလည်း တရားပဲကိုးကွယ်သွားကြတယ်. . . (မှန်ပါ့)၊ တပည့်တော်က ဘုရား ၂ ဆူမီတဲ့ ဗြဟ္မာကြီးဖြစ်တဲ့အတွက် အရှင်ဘုရား စိတ်ကူးသိပ်ပြီးတည့်ပါပေတယ်၊ အရှင်ဘုရားထက် သီလ, သမာဓိ, ပညာသာတဲ့ ပုဂ္ဂိုလ်မရှိဘူး၊ ဒါ့ကြောင့် ကိုးကွယ်စရာမရှိဘူး အရှင်ဘုရား၊ ဘုရားဖြစ်လာတဲ့တရားကို အရှင်ဘုရား

ကိုးကွယ်မယ်ဆိုတာဖြင့် ရှေးဘုရားတို့ကလည်း ဒီလိုပဲ ကိုးကွယ် သွားကြပါတယ်ဆိုတာ သူကထောက်ခံချက်ပေးတယ်. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ ဒါဖြင့် မင်္ဂဘယ်သူပေးမှ ရမလဲ. . . (တရားပေးမှရပါမယ်ဘုရား)၊ ဒါဖြင့် ဘုရားရှေ့သွား မတောင်းနဲ့နော်. . . (မှန်လှပါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ ခင်ဗျားတို့က တော်တော်သျှာရှည်တဲ့လူတွေ၊ မပေးနိုင်တဲ့ဆီကို သွားပြီးတောင်းလို့ရှိရင် မခက်ဘူးလား. . . (ခက်ပါတယ်ဘုရား)၊ မပေးနိုင်တဲ့သူကို တောင်းတယ်ဆိုတာ နတ်ကို ထမင်းပေးပါလို့ တောင်းလို့ရှိရင်ဖြင့်၊ နတ်က နတ်ဩဇာစားနေတဲ့သူ ထမင်းမှ မရှိဘဲ. . . (မှန်ပါ့)၊ ဘယ့်နှယ်လုပ်ပေးနိုင်မလဲ. . . (မပေးပါ ဘုရား)၊ ဗြဟ္မာသွားပြီး ထမင်းပေးပါ တောင်းလို့ရှိရင်၊ ဗြဟ္မာက ဒကာ ဒကာမတို့ သိတဲ့အတိုင်း ပီတိစားနေတာ. . . (မှန်ပါ့)၊ ပီတိဆိုတဲ့ ဝမ်းမြောက်လုံးကလေးနဲ့. . . ဗြဟ္မာကို ထမင်းပေးပါ သွားတောင်းရင် မောင်ဘသော်ရ-မရ. . . (မရပါဘုရား)၊ ဒါဖြင့် နတ်ဆီ ထမင်းသွားတောင်းရင်. . . (မရပါဘုရား)၊ ရှင်းပြီနော် . . . (ရှင်းပါပြီ)၊ ဗြဟ္မာဆီ ထမင်းသွားတောင်းရင်. . . (မရပါ ဘုရား)၊ ဘာဖြစ်လို့တုံး. . . မပေးနိုင်လို့. . . (မှန်ပါ့)၊ စားစရာ လည်းမရှိဘူး၊ ပေးလည်းမပေးနိုင်ဘူး. . . (မှန်ပါ့)၊ သူတို့ဆီမှာ စပါးပင်စိုက်ပြီး လယ်ထွန်နေတာမှ မရှိဘဲ. . . (မှန်ပါ့)၊ သဘော ပါပလား. . . (ပါ-ပါတယ်ဘုရား)။

ဒီမှာလည်း ခင်ဗျားတို့ ဘုရားဆီသွားပြီး မဂ်ဖိုလ်ပေးပါဆိုလို့ရှိရင် မပေးနိုင်ဘူး. . . (မှန်ပါ့ မပေးနိုင်ပါဘုရား)၊ မပေးနိုင်ဘူး၊ နည်းတော့ပေးလိုက်လိမ့်မယ်. . . (မှန်ပါ့)၊ သဘောပါပလား . . . (ပါ-ပါပြီဘုရား)။

## မဂ်ဉာဏ်ဆိုတာ တရားကပေးမှရမယ်

ဒါဖြင့် ဘယ်သူပေးမှရမလဲ. . . (တရားပေးမှရပါမယ်ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ ဒါဖြင့် ခင်ဗျားတို့ ဘုရားဆီသွားတောင်းတဲ့ပုဂ္ဂိုလ်တွေ တွေ့လို့ရှိရင်ဖြင့်တဲ့၊ တပည့်တော်သာဝကဆု, ဘာဆုတွေဆိုတော့ သာဝကဖြစ်ချင်တာပေါ့ဗျာ . . . (မှန်ပါ့)၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တော့ မပေးနိုင်တာ အမှန်ပဲ . . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ အခု ဒါဖြင့် ပြဿနာကြီးက ထောက်ခံလိုက်တော့လည်း မသေချာသေးဘူးလား. . . (သေချာပါတယ်ဘုရား)။

## ခန္ဓာထဲကတရားရှာပါ

ကိုင်း. . . ဒါဖြင့် အခု ခင်ဗျားတို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်လိုချင်လို့ရှိရင်ဖြင့် ခန္ဓာထဲကတရားရှာပါ. . . (မှန်ပါ့)၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်လိုချင်ရင်. . . (ခန္ဓာထဲကတရားရှာပါဘုရား)၊ သတိပဋ္ဌာန်လေးပါးထဲက တစ်ပါးပါးရှာပါ. . . (မှန်ပါ့)၊ သတိ

ပဋ္ဌာန်လေးပါးဆိုတာ ခန္ဓာထဲကတရားကိုဆိုတာ. . . (မှန်လှပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ ဒီလိုဆိုရင် ဒကာကြွယ် မရဘဲ နေမလား. . . ရမလား. . . (ရပါမယ်ဘုရား)။

## ကြိုးစားနေရမှာ မတောင်းရဘူး

ဒါကြောင့် ခုနက နှစ်မျိုးခွဲပြောလိုက်တယ်. . . (မှန်ပါ့)၊ ဘာမှမလုပ်တတ်တဲ့လူ၊ သွားတောင်းတာကတော့ သူ့ဟာသူ တောင်းချင်တောင်း မတောင်းချင်နေ၊ လုပ်တဲ့ပုဂ္ဂိုလ်ကတော့ဖြင့် ဒါ-အထမြောက်ရပါလို၏ဆိုပြီး ဒါ-အထမြောက်ခြင်းကိုသာ ကြိုးစားနေရမှာ မတောင်းရဘူး. . . (မှန်လှပါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ ဝီရိယပိုပေးလိုက်၊ ပညာပိုပေးလိုက်၊ အချိန်ပိုပေးလိုက်. . . (မှန်လှပါ)၊ မရဘဲရှိပါ့မလား. . . (ရပါတယ်ဘုရား)၊ သဘောပါပလား. . . (ပါ-ပါပြီဘုရား)။

ဒကာကြွယ်. . . နေရာကျပလား. . . (ကျပါပြီ ဘုရား)၊ ခင်ဗျားတို့က ဒီဆုတောင်းကြီးကို ကျက်ထားသေးသလား. . . (အရင်ကတော့ ကျက်ထားပါတယ်ဘုရား)၊ အရင်ကတော့ ကျက်ထားတယ်ဟုတ်လား. . . (မှန်ပါ)၊ အခုတော့ ဘယ့်နှယ် ရှိနိုးသလဲ၊ ပြောပဲပြောစမ်းပါဦး. . . တော်တော်များများတိုသွား ကြပလား၊ တိုမှဖြစ်မှာဗျ. . . (မှန်ပါ့ဘုရား)၊ ချက်ချင်း တပည့်တော် အားထုတ်တဲ့တရား၊ ချက်ချင်းအထမြောက် ရပါလို

၏ ဆိုရင်ကောင်းတယ်. . . (မှန်ပါ့ဘုရား)၊ မဟုတ်ဘူးလား . . . (မှန်ပါ့)၊ ဝဋ်ဘဝတိုတိုနဲ့ဆိုတော့ ဟိုဝဋ်တွေက ရှည်သွားဦးမှာကိုး. . . (မှန်ပါ့)၊ နည်းတာတွေမှမဟုတ်ဘဲ. . . (မှန်ပါ့)။

## ဝိုင်းတာ အတိုဖြစ်အောင်မတတ်နိုင်ဘူး

အဲဒါတွေကို တိုရဦးမယ်ဆိုပေမယ့်လို့ ဝဋ်ပေါင်းက ဘယ်လောက်မှန်းလည်းမသိဘူး. . . (မှန်ပါ့)၊ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဆိုရင် နဂိုကမှ ဝိုင်းနေတာ. . . (မှန်ပါ)၊ ဝိုင်းတာအတိုဖြစ်အောင်လည်း မတတ်နိုင်ဘူး. . . (မှန်ပါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ ဝိုင်းတာ အတိုဖြစ်အောင်. . . (မတတ်နိုင်ပါဘုရား)၊ ကိလေသဝဋ်ပြီး ဘာလာသတုံး ဒကာကြွယ်. . . (ကမ္မဝဋ်ပါဘုရား)၊ ကမ္မဝဋ်ပြီးတော့ ဘာလာတုံး. . . (ဝိပါကဝဋ်ပါဘုရား)၊ ဝိပါကဝဋ်ထဲက ဘာတွေပေါက်ပွားလာသတုံး. . . (ကိလေသဝဋ်ပါဘုရား)။

ဟောဒါဖြင့် ဝိုင်းသွားပြီခင်ဗျားတို့. . . (မှန်ပါ့)၊ ဘယ်မှာ ဝဋ်တိုရမှာတုံးခင်ဗျားတို့. . . (မှန်ပါ့)၊ လုံးတောင်ပစ်သေးတယ် . . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဒီအထဲက ဝဋ်တိုတိုနဲ့ဆိုတော့ ဒကာကြွယ် ခင်ဗျား ကျက်ထားတဲ့စာဟာ အတော်ခက်နေပါကလား၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ အဲဒီလိုပဲ ဆရာကောင်း-သမားကောင်းနည်းနာ

ကောင်းနဲ့ မတွေ့လို့ရှိရင်ဖြင့်၊ စာတိုစာရှည်က ဘာတွေ အင်းဒါကလေးဖြင့် ငါကြိုက်တယ်ဆိုပြီး ကျက်ထားလိုက်တာပဲ . . . (မှန်ပါ့) ငါကြိုက်တာကလည်း အလွဲချည်းပဲ. . . (အလွဲချည်းပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ ဘယ်သူမှ လည်းမပေး၊ ကိုယ်ကလည်း ဘာမှမပါ ဟုတ်လား. . . (မှန်ပါ)၊ အဲဒီလိုဖြစ်နေတော့ ဒကာကြွယ်အားကြီးမခက်ဘူးလား. . . (ခက်ပါတယ်ဘုရား)။

အေး. . . ဒီကရှေ့ စာကလေး ကြည့်မယ်ကြဲလို့ရှိရင် ကိုယ်ဉာဏ်နဲ့ ကိုယ့်ခန္ဓာထည့်ပြီး စဉ်းစားပါ. . . (မှန်ပါ့ဘုရား)၊ မဂ်ဉာဏ်ဆိုတာ ဘယ်သူက ပေးတာပါလိမ့်မတုံးလို့. . . (မှန်ပါ့)၊ အခုတော့ ဘယ်သူကပေးသတုံး. . . (တရားကပေးပါတယ် ဘုရား)၊ ပေဘာဒီတရားသာရှု ခင်ဗျားတို့ ၂-နံပါတ်အကွက်ထဲက တရားသာရှု. . . (မှန်ပါ့)၊ ခင်ဗျားတို့ခန္ဓာကိုယ်က ၂-နံပါတ် ထဲမှာ. . . (မှန်ပါ့)၊ ခင်ဗျားတို့ ခန္ဓာကိုယ်ကလည်း တရားချည်း ပဲ. . . (မှန်ပါ့)၊ ဒီ့ပြင် တခြားရှိသေးရဲ့လား. . . (မရှိပါဘုရား)။

အဲဒီတရားတွေကိုသာ ဉာဏ်ကလေးနဲ့ရှု ရှုပေးနေလို့ ရှိရင်၊ သူက မဂ်ပေးလိမ့်မယ်. . . (မှန်လှပါဘုရား)။

## တရားသည်သာကိုးကွယ်ရာ

ဒါကြောင့် "အတ္တာဟိ အတ္တနော နာထော". . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)၊ "အတ္တာဟိ အတ္တာဧဝ" = မိမိ

အားထုတ်သော တရားသည်ပင်လျှင်၊ အတ္တနော = မိမိ၏၊ နာထော = ကိုးကွယ်ရာတည်းဆိုတော့၊ မိမိခန္ဓာကိုယ်ကို မိမိကြည့်ပြီးအားထုတ်သည့် တရားသည်သာလျှင် ခင်ဗျားတို့၏ ကိုးကွယ်ရာ. . . (မှန်လှပါဘုရား)၊ မပေါ်သေးဘူးလား. . . (ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ ကိုးကွယ်ရာဆိုတာ ခင်ဗျားတို့. . . အားထုတ်တဲ့တရား၊ ခင်ဗျားတို့အားထုတ်ရမယ်. . . (မှန်ပါ့)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

## ဒီလိုလုပ်ကြပေတော့

ဒါဖြင့် ဒီလိုလုပ်ကြပေတော့၊ အလုပ်စဉ်ကလေးပါ ပေးလိုက်မယ်နော်. . . (မှန်ပါ့)၊ အလုပ်စဉ်ကလေးပေးလိုက်မယ်တဲ့၊ ဥပမာ စိတ်ကလေးတစ်ခု ဘယ်စိတ်ပေါ်ပေါ် ခင်ဗျားတို့ သန္တာန် ပုထုဇဉ်တွေကိုးဗျ. . . (မှန်ပါ့)၊ ပုထုဇဉ် စိတ်ပဲပေါ်မှာပဲ . . . (မှန်ပါ့)၊ ပေါ်တဲ့စိတ်ကို မောင်ဘသော်က ဘာလုပ်မလဲ . . . (ဖြစ်ပျက်ရှုပါမယ်ဘုရား)။

အဲ. . . "ဝိညာဏံ အနိစ္စန္တိ ပဿတိ" ဝိညာဏံ = အခုပေါ်လာတဲ့ ပုထုဇဉ်စိတ်ကလေးကို၊ အနိစ္စန္တိ = အနိစ္စဟူ၍၊ ပဿတိ = ရှု၏၊ သော = ထိုသို့ရှုသော ပညာသည်၊ သမ္မာဒိဋ္ဌိ = သမ္မာဒိဋ္ဌိဖြစ်၏. . . (မှန်လှပါဘုရား)၊ မဂ္ဂင်ဖြစ်သွားရော. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဒါဖြင့်ခင်ဗျားတို့ သန္တာန်ဖြစ်တဲ့ စိတ်ကလေးကို ဖြစ်ပျက်ရှုလိုက်တော့ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်သွားတယ်. . . (ဖြစ်ပါတယ်ဘုရား)၊ သမာဒိဋ္ဌိဖြစ်ကတည်းက သူနဲ့အဖော်လေးခုကလည်း ပါလာတယ်. . . (မှန်ပါ့)၊ သဟဇာတအဖြစ်နဲ့ ပါလာတယ်၊ တကွဖြစ်ပေါ်ဖြစ်ဖက်ကိုး. . . (မှန်လှပါ)၊ မဂ္ဂင်လေးပါး ပါမလာဘူးလား. . . (ပါလာပါတယ်ဘုရား)။

## ယထာဘူတသမ္မာဒိဋ္ဌိ

အင်း. . . ဒါဖြင့် မဂ္ဂင်ငါးပါးမရပေဘူးလား. . . (ရပါတယ်)၊ အဲဒီတော့ ရရုံကလေးနဲ့ မင်းမကျေနပ်နဲ့တဲ့၊ ဘုရားက . . . (မှန်ပါ့)၊ ဒါက ယထာဘူတသမ္မာဒိဋ္ဌိကွတဲ့. . . (မှန်ပါ့ဘုရား)၊ တက်လိုက်ကွ ဒီတွင်မနေနဲ့ဆိုပြီးသကာလ တစ်ခါတည်း မောင်ဘသော်တို့ ဒကာကြွယ်တို့က ရှုပေး. . . (မှန်ပါ့ဘုရား)၊ "သမ္မာပဿံနိဗ္ဗိန္ဒတိ" အဲဒီဖြစ်ပျက် များများမြင်လာလို့ရှိရင် နိဗ္ဗိန္ဒာဉာဏ်ဆိုတာ ပေါ်လိမ့်မယ်တဲ့. . . (မှန်ပါ့ဘုရား)၊ ရှင်းပလား . . . (ရှင်းပါပြီ)။

## နိဗ္ဗိန္ဒာဉာဏ်

ဖြစ်ပျက်ကို သမ္မာဒိဋ္ဌိနဲ့ များများမြင်လာတော့ ဘယ်ဉာဏ်တိုးတက်လာသလဲ. . . (နိဗ္ဗိန္ဒာဉာဏ် တိုးတက်လာ

ပါတယ်ဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)၊ နိဗ္ဗာန်ဉာဏ် တိုးတက်လာလိမ့်မယ်ကွတဲ့. . . (မှန်ပါ့)၊ ဒါသံယုတ်ပါဠိတော် မှာလာတယ်. . . သမ္မာ = ကောင်းစွာ၊ ပဿံ = ရှုသည်ရှိသော်၊ နိဗ္ဗုတိ = ငြိမ်းအေးလာလိမ့်မယ်တဲ့. . . (မှန်လှပါ)၊ ရှင်းပြီနော် . . . ( ရှင်းပါပြီ)၊ နှစ်ဉာဏ်ရသွားပြီ. . . (မှန်ပါ့)၊ ခုနက သမ္မာ ဒိဋ္ဌိဉာဏ် ယထာဘူတပေါ်လာကတည်းက သမ္မာဒိဋ္ဌိဉာဏ် ရတယ်. . . (မှန်ပါ့)၊ အခုတော့ နိဗ္ဗာန်ဉာဏ်တက်တယ်. . . (မှန်ပါ့)။

ကဲ. . . နိဗ္ဗာန်ဉာဏ်တွင် ရပ်မနေနဲ့လို့ ဘုရားက တစ်ခါ ဟောပြန်တယ်. . . (မှန်ပါ့)၊ နိဗ္ဗာန်ဉာဏ်တွင်ရပ်မနေနဲ့၊ သမ္မာ ပဿံနိဗ္ဗုတိတွင် ရပ်မနေနဲ့ဦးတဲ့၊ နိဗ္ဗိန္ဒံဝိရဇ္ဇတိတဲ့၊ မလိုချင်အောင် ရှုပစ်လိုက်တဲ့. . . (မှန်လှပါဘုရား)၊ ဖြစ်ပျက်ကို ဘာတဲ့. . . (မလိုချင်အောင် ရှုပစ်ရပါမယ်ဘုရား)၊ နိဗ္ဗိန္ဒံ - နိဗ္ဗိန္ဒန္တော = ငြီးငွေ့ပြီးသည်ရှိသော်၊ ဝိရဇ္ဇတိ = တဏှာနဲ့မငြိအောင် ရှုပစ်၊ (ဝါ) မလိုချင်အောင်ရှုပစ်လိုက်. . . (မှန်လှပါဘုရား)၊ မလိုချင် အောင် ရှုပစ်လိုက်တယ်ဆိုတော့ ဖြစ်ပျက်ခန္ဓာကြီး ဟောဒီ ဒကာ ဒကာမတွေ အခုပြောခဲ့တဲ့ ၂-နံပါတ်မှာရှိတဲ့ ဒီငါးခုစလုံး အကုန် ပျောက်တယ်. . . (မှန်လှပါဘုရား)။

## မဂ်ဉာဏ်ပေါ်လာတယ်

ငါးခုစလုံး အကုန်ပျောက်တော့ ဘာသစ္စာပျောက်သွားသတုံး. . . (ဒုက္ခသစ္စာပျောက်သွားပါတယ်ဘုရား)၊ ဒကာကြွယ်ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ ဒါတွေတစ်ခုရှုလိုက်ရသဖြင့် ငါးခုစလုံးပျောက်သွားတော့၊ ဘာသစ္စာတွေ ပျောက်သွားသလဲ. . . (ဒုက္ခသစ္စာတွေ ပျောက်သွားပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခနိရောဓော နိဗ္ဗာနံ. . . (မှန်ပါ့)၊ ဒုက္ခတွေချုပ်သွားတာ. . . (နိဗ္ဗာန်လို့ ခေါ်ပါတယ်ဘုရား)၊ ကဲ. . . ဒါဖြင့်သူပျောက်သွားရင် နိဗ္ဗာန်ပေါ်တာပဲ. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့. . . "နိဗ္ဗိန္ဒံ-ဝိရဇ္ဇတိ၊ နိဗ္ဗိန္ဒံ - နိဗ္ဗိန္ဒန္တော" = ငြီးငွေ့တဲ့ဉာဏ် တက်ပြီးသည်ရှိသော်၊ ဝိရဇ္ဇတိ = မဂ်ဉာဏ်ပေါ်လာ၏. . . (မှန်ပါ့)၊ မဂ်ဉာဏ်ပေါ်လာလို့ရှိရင် ဟောဒီ ၂-နံပါတ်ထဲက ခန္ဓာငါးပါးကို ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဆိုတဲ့ ခန္ဓာငါးပါး၊ ပဋိစ္စသမုပ္ပါဒ် ခန္ဓာဆိုတော့ ငါးပါး. . . (မှန်ပါ့)၊ ဒကာကြွယ် ဒါပေါ်သေးရဲ့လား. . . (မပေါ်လာပါဘုရား)။

## ဒုက္ခချုပ်ရင်နိဗ္ဗာန်

ဒါချုပ်သွားတော့ကို ဒီမှာစာကလေးဆွဲလိုက်၊ ဒုက္ခနိရောဓော. . . (နိဗ္ဗာန်ပါဘုရား)၊ ဟော-ဒုက္ခချုပ်ရင်နိဗ္ဗာန်. . . (မှန်ပါ့)၊

သဘောကျပလား. . . (ကျပါပြီ)၊ ဒုက္ခချုပ်တယ်ဆိုတော့ ချုပ်မှာပဲတဲ့၊ ဒီဘက်ကူးတဲ့တဏှာကော ကူးသေးသလား. . . (မကူးပါဘုရား)၊ ၃-နံပါတ်က အဆက်လည်းပြတ်သွားတယ် . . . (ပြတ်သွားပါတယ်ဘုရား)၊ မပြတ်ဘူးလား. . . (ပြတ်ပါတယ်ဘုရား)၊ ၃-နံပါတ်အဆက်ပြတ်တာက မဂ်ကဖြတ်တာ. . . (မှန်ပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)၊ မဂ်က ဖြတ်လည်း ဖြတ်တယ်၊ ဒုက္ခကိုလည်း ချုပ်စေတယ်. . . (မှန်ပါ့)၊ မဂ်သည် . . . (ဖြတ်လဲဖြတ်တယ်၊ ဒုက္ခကိုလည်းချုပ်စေပါတယ်)၊ ကိလေသာ ကိုလည်း ဖြတ်တယ်၊ နိဗ္ဗာန်ကိုလည်း အာရုံပြုတယ်. . . (မှန်ပါ့)။

ဒါကြောင့် ဒုက္ခချုပ်သွားတာ၊ သူပိုင်းခြားလို့ချုပ်သွားတာ . . . (မှန်လှပါဘုရား)၊ သဘောပါပလား. . . (ပါ-ပါပြီ)၊ ဒါဖြင့် ဒကာ ဒကာမတို့ ဉာဏ်သုံးဉာဏ်နဲ့ တက်ပစ်လိုက်. . . (မှန်လှပါ)၊ သဘောကျပလား. . . (ကျပါပြီ)။

## ဝိပဿနာမဂ်ဖြစ်အောင်အရင်လုပ်

ရှေးဦးစွာ "အနိစ္စန္တ ပဿတိသာယံ ဝုစ္စတိ သမ္မာဒိဋ္ဌိ" သမ္မာဒိဋ္ဌိဉာဏ်ရအောင် အရင်လုပ်ပစ်လိုက်. . . (မှန်လှပါဘုရား)၊ ဝိပဿနာမဂ်ဖြစ်အောင် အရင်လုပ်ပစ်လိုက်. . . (မှန်ပါ့)၊ အဲဒါယထာဘူတဉာဏ်ခေါ်လိုက်. . . (မှန်လှပါဘုရား)၊ ဖြစ်ပျက်မြင်ရင်ဘာဉာဏ်. . . (ယထာဘူတဉာဏ်ပါဘုရား)။

ကဲ. . . တစ်ခါတက်လိုက်ဦး "သမ္မာပသာဒ နိဗ္ဗိန္ဒတိ" ခုနက ကောင်းကောင်းမြင်ပြီးရင် ငြီးငွေ့အောင်လုပ်စမ်းတဲ့ . . . (မှန်ပါ့)၊ ဘာပြန်တက်လာသလဲ. . . (နိဗ္ဗိန္ဒဉာဏ်တက်လာပါတယ်ဘုရား)၊ နိဗ္ဗိန္ဒဉာဏ်တက်လာတယ်. . . (မှန်ပါ့)၊ ဒီဖြစ်ပျက်ပဲသုံးတာပဲ. . . (မှန်ပါ့)၊ နိဗ္ဗိန္ဒ = ဝိရဇ္ဇတိဆိုရင် ဒုက္ခသစ္စာပျောက်ပြီ. . . (မှန်ပါ့)၊ နိရောဓသစ္စာပေါ်လာပြီ. . . (ပေါ်လာပါပြီဘုရား)၊ ရှင်းပလား ဒကာသစ်. . . (ရှင်းပါပြီဘုရား)။

## သောတာပန်တည်တယ်

ဒါဖြင့် ၂-ကွက်ထဲမှာ အားထုတ်လို့ ၂-ကွက်ထဲမှာပဲ သူသောတာပန်တည်တယ်. . . (မှန်ပါ့ဘုရား)၊ ဆက်လုပ်ရင် သကဒါဂါမ်အနာဂါမ်ရဟန္တာ ၂-ထဲမှာဖြစ်တယ်. . . (မှန်ပါ့ဘုရား)၊ ဒီဘက် ၃-ကူးသေးရဲ့လား. . . (မကူးပါဘုရား)၊ ၄-ဖြစ်စရာရှိသေးရဲ့လား. . . (မရှိပါဘုရား)။

ဒါဖြင့်. . . ဟောဒီဘက်က သမုဒယသစ္စာလည်း ပျောက်တယ်၊ ၃-နံပါတ် သမုဒယသစ္စာလေ. . . (ပျောက်ပါတယ်ဘုရား)၊ ၄-နံပါတ် ဒုက္ခသစ္စာ. . . (ပျောက်ပါတယ်ဘုရား)။

ဒါဖြင့် သမုဒယ ဒုက္ခသစ္စာ ချုပ်တယ်ဆိုတာသေချာပြီ . . . (သေချာပါပြီဘုရား)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ကဲ. . . ယနေ့ဒီတွင် တော်ကြပါဦးစို့. . .
သာဓု. . .၊ သာဓု. . .၊ သာဓု. . .။